# ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တော်သလင်းလကွယ်၊ အင်္ဂါနေ့၊ (13-10-2015) (၈၃၅၂)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# မတရားအသင်းအဖြစ်မှ ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၅)
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော်( ၁၄ )ရက်
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ( ၁၂ )ရက်

### မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်း

နိုင်ငံတော်သမ္မတသည် မတရားအသင်းများအက်ဥပဒေအရ မတရားအသင်းများအဖြစ် ကြေညာထားသော အောက်ပါအဖွဲ့အစည်းများအား ၁၂ . ၁၀ . ၂၀၁၅ ရက်နေ့မှစ၍ မတရားအသင်းအဖြစ်မှ ပယ်ဖျက်လိုက်သည်-

၁။ ကရင်အမျိုးသားအစည်းအရုံး
(Kayin National Union - KNU)
၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
(All Burma Students Democratic Front - ABSDF)
၃။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)
[Restoration Council of Shan State -(RCSS)/ Shan State Army - South-(SSA-S)]

အမိန့်အရ -
ဒုတိယဗိုလ်ချုပ်ကြီးကိုကို
ပြည်ထောင်စုဝန်ကြီး

# အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၅)
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၄)ရက်
၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁၂ )ရက်

### အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်ခြင်း

နိုင်ငံတော်သမ္မတသည် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်သူများအဖြစ်မှ ကြေညာထားသော အောက်ပါအဖွဲ့အစည်းများအား ၁၂. ၁၀. ၂၀၁၅ ရက်နေ့မှစ၍ အကြမ်းဖက်သူများအဖြစ်မှ ပယ်ဖျက်လိုက်သည် -

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
(All Burma Students Democratic Front - ABSDF)
၂။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)
[Restoration Council of Shan State -(RCSS)/ Shan State Army - South-(SSA-S)]

အမိန့်အရ -
ဒုတိယဗိုလ်ချုပ်ကြီးကိုကို
ပြည်ထောင်စုဝန်ကြီး

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အပျော်စီးသင်္ဘောများဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံသို့ ကုန်းကြောင်း၊ လေကြောင်းခရီးစဉ်များ၊ နယ်စပ်ဖြတ်ကျော်ခရီးစဉ်သာမက ရေကြောင်းခရီးစဉ်များဖြစ်သည့် ဧရာဝတီမြစ်ကြောင်း၊ ချင်းတွင်းမြစ်ကြောင်းခရီးစဉ်များဖြင့် လာရောက်လည်ပတ်သည့်အပြင် ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ပါသဖြင့် ကမ္ဘာလှည့်အပျော်စီးသင်္ဘောခရီးစဉ်များဖြင့်လည်း လာရောက်လည်ပတ်လျက်ရှိသည်။

Destination Asia Co.,Ltd. ၏ အစီအစဉ်ဖြင့် ကမ္ဘာလှည့်ခရီးသည် ၆၃၅ ဦးနှင့် သင်္ဘောအမှုထမ်း ၄၀၀ ပါဝင်သော အပျော်စီးသင်္ဘော Oceania Insignia သည် အောက်တိုဘာ ၄ ရက်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပြီး သင်္ဘောဆိုက်ကပ်ရပ်နားစဉ်အတွင်း ရန်ကုန်မြို့တွင်းခရီးစဉ်၊ ရန်ကုန်-ပဲခူး (နေ့ချင်းပြန်ခရီးစဉ်)၊ ရန်ကုန်-ပုဂံ၊ ရန်ကုန်-မန္တလေး (တစ်ညအိပ်ခရီးစဉ်) များကိုလေယာဉ်၊ မော်တော်ယာဉ်များဖြင့် သွားရောက်လည်ပတ်ကာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



အပျော်စီးသင်္ဘော Oceania Insignia အား သီလဝါဆိပ်ကမ်း၌ တွေ့ရစဉ်။




**ကြေးမုံစာတည်းရှုထောင့်** **၁၃-၁၀-၂၀၁၅၊ အင်္ဂါနေ့**

# နေရေးအတွက်စိတ်အေး

လူမှုဘဝအတွက် စား၊ ဝတ်၊ နေရေး အရေးသုံးပါးတွင် လက်ရှိအခြေအနေအရ အခက်ခဲဆုံးအရာမှာ နေရေးဖြစ်နေပါသည်။ မြို့ကြီးများတွင် လူဦးရေထူထပ်လာမှုနှင့်အတူ နေထိုင်မှုအတွက် အခက်အခဲဖြစ်လာသဖြင့် နေထိုင်စရာ ကျောတစ်ခင်းစာပင် အခက်အခဲဖြစ်လာသည်။ အိမ်ရာမြေဈေးကြီးမြင့်ခြင်းက အဓိကအကြောင်းအရင်းဖြစ်သည်။

မူလကတည်းက အိုးပိုင်အိမ်ပိုင်မရှိသော သာမန်လက်လုပ်လက်စား ဝင်ငွေနည်းပါးသောသူများအတွက် နေရေးအတွက် စိတ်မအေးစရာဖြစ်သည်။ အိမ်ပိုင်ရာပိုင်မရှိသဖြင့် အငှားနေထိုင်ခြင်းဖြင့် ဘဝအတွက်ရပ်တည်ရာမှ ကြာရှည်လေမြင့်လေ နေအိမ်ပိုင်ဆိုင်မှုအတွက် အလှမ်းဝေးလာခဲ့သည်။ မြို့ကြီးများတွင် အိမ်ငှားဈေးနှုန်းကြီးမြင့်ခြင်းက ဆင်းရဲတွင်းကိုနက်စေသည်။ ဘဝကိုရုန်းမထွက်နိုင်အောင်ဖြစ်စေသည်။

ထိုပြဿနာကို ယနေ့ဖြေရှင်းပေးနိုင်မည့် အခြေအနေရောက်လာပြီဟု ဆိုရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက နယ်မြေဒေသအလိုက် အိမ်ရာစီမံကိန်းများအား ဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။ အချို့လည်းပြီးစီး၊ အချို့လည်းပြီးစီးလု၊ အချို့လည်းဆောင်ရွက်ဆဲဖြစ်သည်။ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံအနှံ့တွင် ဝန်ထမ်းအိမ်ရာ ၂၅၉၆ ခန်း၊ တန်ဖိုးနည်းအိမ်ရာ ၂၀၂၉၈ ခန်း၊ တန်ဖိုးသင့်အိမ်ရာ ၇၁၃၆ ခန်းနှင့် အကျိုးတူအိမ်ရာ ၆၀၂၉ ခန်း တည်ဆောက်ပေးထားသည်။

ယင်းတွင် ရန်ကုန်မြို့ အထပ်မြင့်အိမ်ရာစီမံကိန်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ယခင် ယုဇနအိမ်ရာအပါအဝင် ဆက်စပ်စီမံကိန်းများပေါင်းစပ်ပြီး လူဦးရေ သုံးသိန်းကျော်နေထိုင်နိုင်သော မြို့ပြနေရာတစ်ခု ဖန်တီးတည်ဆောက်ထားသည်။ အဆိုပါစီမံကိန်းကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ အိမ်ရာဆောက်လုပ်သူများအား အမြတ်အစွန်းထက် ပြည်သူလူထုအတွက် စေတနာထားဆောင်ရွက်ပေးရန် နိုင်ငံတော်သမ္မတက လမ်းညွှန်ထားရာ ပြည်သူလူထုအတွက် ကျေးဇူးတင်ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။

ယခုအခါ မြို့ပြများဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အလုပ်အကိုင်များပါ တိုးပွားလာပြီး လူဦးရေလည်း တစ်နေ့တခြားတိုးပွားလာသည်။ ကျယ်ပြန့်လာသောနေထိုင်မှုအတွက် မြေဧရိယာတိုးချဲ့ရန်မှာ အခက်အခဲရှိလာသဖြင့် အထပ်မြင့်အိမ်ရာ တည်ဆောက်ပေးမှုမှာ သင့်လျော်ပါသည်။ ရန်ကုန်မြို့ရှိလူဦးရေမှာ ခုနစ်သန်းကျော် ရှစ်သန်းနီးပါးရှိလာသဖြင့် မြို့ပြနေထိုင်မှုအတွက် အထပ်မြင့်အိမ်ရာစီမံကိန်းများ တည်ဆောက်ပေးမှသာ အဆင်ပြေနိုင်မည်ဖြစ်သည်။

ထိုအထဲတွင် ပထမဆုံးအဆင့်မြင့်နည်းပညာသုံး အထပ်မြင့်အိမ်ရာစီမံကိန်းသည် ခေတ်မီမြို့ကြီးတစ်မြို့၏ ပုံရိပ်ကောင်းတစ်ခုဖြစ်လာနိုင်သည်။ ထိုစီမံကိန်းမှာ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်တွင် လူဦးရေ ရှစ်သောင်းကျော် နေထိုင်နိုင်မည့် အထပ် ၁၈ ထပ်၊ အဆောက်အအုံ ၄၉ လုံးပါဝင်သည့် ဧရာဝဏ်-ရတနာ နိုင်ငံတကာအဆင့်မီ အထပ်မြင့်အိမ်ရာများဖြစ်ပြီး အိုးပိုင်အိမ်ပိုင်နှင့် အဆင့်မြင့်မြင့်နေထိုင်လိုသူများအတွက် သင့်လျော်ကောင်းမွန်မည်ဟု ယုံကြည်ပါသည်။

အိမ်ရာစီမံကိန်းများကို ဆောင်ရွက်ရာတွင် လျှပ်စစ်မီး၊ သောက်သုံးရေစနစ်နှင့် ရေဆိုးထုတ်စနစ်များမှာ လွန်စွာအရေးကြီးသည်။ ၎င်းတို့ကို စီမံကိန်းမပြီးစီးမီ နိုင်ငံတကာအဆင့်မီ စနစ်တကျအကောင်အထည်ဖော်နိုင်မှ ရေရှည်တည်တံ့ကောင်းမွန်မည့် အိမ်ရာစနစ်ဖြစ်လာမည်။ မြေအောက်ရေတစ်မျိုးတည်းသာမက အခြားရေအရင်းအမြစ်များ ရရှိနိုင်မည့်အခြေအနေများကိုလည်း ကြိုတင်စီမံထားသင့်သည်။ စည်းကမ်းတကျနှင့်အဆင့်မြင့်မြင့်ရေရှည်နေထိုင်နိုင်ရေး အစီအမံများကိုလည်း ကြိုတင်ထည့်သွင်းထားသင့်သည်။ အထူးသဖြင့် မြို့ပြင်များတွင် တည်ဆောက်ထားရသောကြောင့် လမ်းပန်းဆက်သွယ်ရေးအစီအမံကောင်းများ ပါဝင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။

သို့ဖြစ်ရာ တစ်နေ့တခြားတိုးပွားလာသော လူဦးရေနှင့်အတူ ပြည်သူများ မြို့ပြတွင် အိုးပိုင်အိမ်ပိုင်နှင့် နေထိုင်နိုင်ရေးအတွက် အိမ်ရာစီမံကိန်းများကို အဆင့်မီမီစနစ်တကျဆောက်လုပ်သွားရန်နှင့် နေထိုင်မည့်ပြည်သူများကလည်း နိုင်ငံကြီးသားပီသစွာဖြင့် စည်းကမ်းတကျနေထိုင်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

# မိတ္ထီလာတွင် ပြည်သူများအား အသည်းရောင်အသားဝါ (ဘီ)ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေး

**မိတ္ထီလာ အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ ဆရာဝန်အသင်း အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန်များအဖွဲ့က နယ်လှည့်ဆေးကုသရေးနှင့် ကျန်းမာရေးပညာပေး အစီအစဉ်ဖြင့် အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးအရေးပေါ် ပြင်ပလူနာဌာနတွင် ဒေသခံပြည်သူ ၅၀၀အား အသည်းရောင် အသားဝါ (ဘီ)ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးပေးကြောင်း သိရသည်။

"ဒေသခံပြည်သူတွေကို အခုနောက်ပိုင်းအဖြစ်များလာတဲ့ အသည်းရောင်အသားဝါရောဂါနဲ့ ပတ်သက်လို့ မဖြစ်ပွားအောင် ဆောင်ရန်၊ ရှောင်ရန်တွေ အသိပညာပေးရင်းနဲ့ ရောဂါကာကွယ်ဆေးတွေ အခမဲ့ထိုးပေးတာဖြစ်ပါတယ်။ ဒီတစ်ကြိမ်တည်းမဟုတ်ဘူး။ နောက်ငါးလနေရင် တစ်ကြိမ်၊ နောက်တစ်လနေရင် တစ်ကြိမ် သုံးကြိမ်တိတိ အခမဲ့ထိုးပေးမှာဖြစ်ပါတယ်။ သုံးကြိမ်ထိုးမှ ကာကွယ်ဆေးက အထမြောက်တာပါ။ ဒီကို လာရောက်ပြသတဲ့လူနာတွေကို အခမဲ့ စမ်းသပ်ကြည့်ရှုကုသပေးပါတယ်။ နောက်ပြီးတော့ ဘေးနားက အဆောင်မှာလည်း ဒေသခံပြည်သူတွေကို အသည်းရောင်အသားဝါရောဂါအကြောင်း သိကောင်းစရာ ကျန်းမာရေးဟောပြောပွဲ ပြုလုပ်ပြီး ပါမောက္ခ ဦးဝင်းနိုင် အသည်းအထူးကုဆရာဝန်ကြီး ခုတင်(၅၀၀) ရန်ကုန်မြို့က ဟောပြောမှာဖြစ်ပါတယ်"ဟု အခမဲ့ဆေးကုသမှုပေးရာတွင် ပါဝင်သော ဒေသခံတစ်ဦးဖြစ်သည့် ဒေါက်တာ ပိုင်စော (သမားတော်)က ပြောသည်။

အသည်းရောင်အသားဝါ (ဘီ) ရောဂါကာကွယ်ဆေး အခမဲ့ ထိုးပေးခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောခြင်းများဆောင်ရွက်ပေးသည့်အတွက် ဒေသခံများက ဝမ်းသာပျော်ရွှင်လျက်ရှိသည်။

"အသည်းရောင်အသားဝါရောဂါ ကာကွယ်ဆေးကို အခုလို အခမဲ့လာရောက်ထိုးပေးတဲ့အတွက် ဝမ်းသာပါတယ်။ အပြင်မှာ အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးထိုးဖို့ဆိုတာ ဆေးဖိုးကုန်ကျစရိတ်နဲ့ အထွေထွေ ကုန်ကျစရိတ်တွေ မလွယ်ကူဘူး။ သုံးကြိမ်ထိုးရမှာဆိုတော့ သွားရေးလာရေးလည်းခက်နိုင်တယ်။ အခုတော့ နောက်နှစ်ကြိမ် လာရောက်ထိုးနှံဖို့ ဒီက စာရင်းသွင်းထားတဲ့ကတ်ပြားကို ယူလာရုံပဲ။ ပြီးတော့ အခုနောက်ပိုင်း အဖြစ်များတဲ့ အသည်းရောင်အသားဝါ (ဘီ) ရောဂါအကြောင်း အသိပညာပေးဟောပြောမှာဆိုတော့ ဒေသခံတွေအားလုံးအတွက် ကျန်းမာရေး အသိပညာတွေ တိုးပွားပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

အသည်းရောင်အသားဝါ (ဘီ)ရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်းများအတွက် UNITED PHARMA မှ အဓိက ကူညီပံ့ပိုးပြီး ရန်ကုန်မြို့မှ မြန်မာနိုင်ငံ ဆရာဝန်အသင်းဝင် အသည်းအထူးကုဆရာဝန်များအဖွဲ့၊ မိတ္ထီလာခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ခိုင်နှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး အသည်းရောင်အသားဝါရောဂါအကြောင်း သိကောင်းစရာ ဟောပြောပွဲတွင် ပါမောက္ခ ဦးဝင်းနိုင် အသည်းအထူးကုဆရာဝန်ကြီးက ပြင်ပလူနာဌာန ပရဝဏ်အတွင်းရှိ ရှင်းလင်းဆောင်တွင် အသိပညာပေး ဟောပြောရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၂**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၉၀/၇၀၀ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၅-၁၀-၂၀၁၅ ရက်နေ့မှ ၉-၁၀-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၃၈ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၉၉ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၉၃၀၀၀ | - | ၇၉၄၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၉၃၃၀၀ | - | ၇၉၄၃၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၂. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၂. ၆၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၁၅၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၈. ၂၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၅၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၀၇၀. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၉၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၁. ၈၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၈. ၁၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ကံမ အောက်တိုဘာ ၁၂**

သရက်ခရိုင် ကံမမြို့နယ်တွင် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးမိုးထွန်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ရဲမှူးစိုးပိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်နှင့် အတွင်းရေးမှူး ဦးတင်မြင့်ဦးတို့က လုပ်ငန်းကဏ္ဍများအလိုက် အသီးသီးဆွေးနွေးကြသည်။ **ကျော်ဇေယျဝင်း**

# ရေနံချောင်းမြို့နယ် မိန်းမလှကျွန်းကျေးရွာ ရွာလုံးကျွတ်ပြောင်းရွှေ့ရမည့်အခြေအနေမရှိ

**ရေနံချောင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မိန်းမလှကျွန်းကျေးရွာတွင် ဇူလိုင်နှင့် ဩဂုတ်လပိုင်းက ဧရာဝတီမြစ်ရေမြင့်တက်ကာ ကျေးရွာအတွင်း ရေဝင်ရောက်မှုကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကျေးရွာရှိ အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ အလှူရှင်များမှ အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်အိတ်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် အခြားစားသောက်ကုန်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

ယင်းကျေးရွာတွင် မြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းနှင့်နီးစပ်သော နေအိမ် ၅၇ လုံးနှင့် စာသင်ကျောင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာတွင် ပြောင်းရွှေ့ဆောက်လုပ်ပေးခဲ့သဖြင့် အန္တရာယ်ကင်းရှင်းစွာနေထိုင်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများလည်း အန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားလျက်ရှိသည်။

အဆိုပါကျေးရွာသည် ဧရာဝတီမြစ်ဘေးရှိ မြေနုကျွန်းပေါ်တွင် ကိုင်းသီးနှံများစိုက်ပျိုးပြီး လူနေအိမ်များပါ ဆောက်လုပ်နေထိုင်သည့် ကျေးရွာတစ်ရွာဖြစ်သည်။ ယခုလို ရေဝင်ရောက်သည်မှာလည်း ယခုနှစ်မှမဟုတ်ဘဲ ဧရာဝတီမြစ်ရေမြင့်တက်သည့်နှစ်တိုင်း ရေဝင်ရောက်လေ့ရှိကာ ရေလွတ်ရာသို့ ကျွဲ၊ နွားတိရစ္ဆာန်များကိုသာ ပြောင်းရွှေ့ထားပြီး လူများမှာ ကျေးရွာအတွင်း ရေလွတ်သည့်နေရာတွင်သာ နေထိုင်ကြကြောင်း ဒေသခံ တစ်ဦးက ပြောသည်။ **သန်းနိုင်ဦး(ငဖဲ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြို့စန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးမှား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

ပြည်တွင်းရေးရာ

❖ **ကမ္ဘာလှည့်ခရီးသွားမှ**

အောက်တိုဘာ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာသွားသည်။

ဆက်လက်၍ Myanmar Voyages Co., Ltd. အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံအခြေစိုက် Silver Sea Cruises ကမ္ဘာလှည့်ခရီးသည် ၃၂၆ ဦးနှင့် သင်္ဘောအမှုထမ်း ၂၉၀ ပါဝင်သော အပျော်စီးသင်္ဘော M.V Silver Shadow သည် နိုဝင်ဘာ ၃ ရက်မှ ၆ ရက် အထိလည်းကောင်း၊ Myanmar Voyages Co.,Ltd. အစီအစဉ်ဖြင့်ပင် M.V Silver Shadow အပျော်စီးသင်္ဘောဖြင့် ကမ္ဘာလှည့်ခရီးသည် ၃၀၀ နှင့် သင်္ဘောအမှုထမ်း ၂၉၀ တို့သည် ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိပြီး ရန်ကုန်မြို့တွင်းခရီးစဉ်၊ ရန်ကုန်-ပဲခူး (နေ့ချင်းပြန်ခရီးစဉ်)၊ ရန်ကုန်-ပုဂံ၊ ရန်ကုန်-မန္တလေး (တစ်ညအိပ်ခရီးစဉ်)များဖြင့် လည်ပတ်ကြရန် ရောက်ရှိလာကြမည်ဖြစ်သည်။

ဆက်လက်၍ Destination Asia Co.,Ltd. ၏ အစီအစဉ်ဖြင့် ကမ္ဘာလှည့်ခရီးသည် ၂၀၀ နှင့် သင်္ဘောအမှုထမ်း ၃၃၀ ပါဝင်သော အပျော်စီးသင်္ဘော Ms. Seavoun Sojourl သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ လည်းကောင်း၊ Destination Asia Co.,Ltd. ၏ အစီအစဉ်ဖြင့်ပင် ကမ္ဘာလှည့်ခရီးသည် ၅၅၀ နှင့် သင်္ဘောအမှုထမ်း ၆၃၂ ဦးပါဝင်သော အပျော်စီးသင်္ဘော Ms.Volendam သည် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ လည်းကောင်း ရန်ကုန်မြို့သို့ရောက်ရှိပြီး ရန်ကုန်မြို့တွင်းခရီးစဉ်၊ ရန်ကုန်-ပဲခူး (နေ့ချင်းပြန်ခရီးစဉ်)၊ ရန်ကုန်-ပုဂံ၊ ရန်ကုန်-မန္တလေး (တစ်ညအိပ်ခရီးစဉ်)များဖြင့် လည်ပတ်ကြမည်ဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ သဘာဝအလှအပများ၊ ရှေးဟောင်းအမွေအနှစ်များ၊ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ရိုးသားဖော်ရွေပြီး နှစ်လိုဖွယ်ရှိသောအပြုံးများဖြင့် နွေးထွေးသော ဝန်ဆောင်မှုများကို ဧည့်ဝတ်ကျေပွန်စွာ ပေးဆောင်တတ်သော မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်လက္ခဏာများကို နှစ်သက်စွဲလမ်းစွာဖြင့် ကြည့်ရှုခံစားလိုခြင်းကြောင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားစွာ လာရောက်လျက်ရှိရာ ၂၀၁၄ ခုနှစ်တွင် အပျော်စီးသင်္ဘောအစင်း ၂၀ ဖြင့် ကမ္ဘာလှည့်ခရီးသည် ၂၁၅၈၃ ဦး လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် အောက်တိုဘာလအထိ ခရီးသွားကုမ္ပဏီများမှ စီစဉ်ထားသည့် ခရီးစဉ်များအရ အပျော်စီးသင်္ဘော ၂၅ စင်းဖြင့် ကမ္ဘာလှည့်ခရီးသည် ၂၂၈၁၅ ဦးတို့ လာရောက် လည်ပတ်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# တပ်မတော်မိသားစုများနှင့် စေတနာရှင်ပြည်သူများက ကွန်ပျူတာနှင့်ကျောင်းသုံးစာအုပ်များ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ်ရှိ တက္ကသိုလ်နှင့်အခြေခံပညာ ကျောင်းများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ကွန်ပျူတာအလုံး ၂၀၀ နှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၀၀၀ တို့အား ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။



အဆိုပါအခမ်းအနားသို့ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်မှူးချုပ် မောင်မောင်ကျော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းဗိုလ်ရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပညာရည်မြင့်မားတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ကွန်ပျူတာအစုံ ၂၀၀ အား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာနှင့် ဗလာစာအုပ် ဒါဇင် ၁၀၀၀ အား ပြည်နယ်ပညာရေးမှူး ဦးမြင့်ဇော်တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသအား သွားရောက် ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအပါအဝင် အလှူငွေကျပ် သိန်း ၅၀ အား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (KTCS) ကချင် ခရစ်ယာန်ဓမ္မတက္ကသိုလ်သို့ သွားရောက်ရာ ကျောင်းအုပ်ကြီး ဒေါက်တာနာလော်ဒိုင်ခေါင်က ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းအတွက် အလှူငွေကျပ်သိန်း ၂၀ နှင့် စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နယ်မြေခံတပ်ရင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းခန်းများအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်သည်ရဲမေများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဗဟိုကတ်သလစ်သာသနာ့ အကျိုးဆောင်အဖွဲ့ (မြစ်ကြီးနားသာသနာ)သို့ သွားရောက်ပြီး ဂိုဏ်းအုပ်ဆရာတော် ဖရန်စစ်ဒေါ့တန်အား တွေ့ဆုံကာ အကျိုးတော်ဆောင်အဖွဲ့အတွက် အလှူငွေကျပ် သိန်း ၂၀ နှင့် စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ညနေပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်နယ်ခန်းမ၌ မြစ်ကြီးနားတပ်နယ်မှ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံ၍ တပ်မတော်အနေဖြင့် ခေတ်မီတပ်မတော် တည်ဆောက်ရေး အကောင်အထည်ဖော်မှုအခြေအနေနှင့် စားဝတ်နေရေး၊ သွားလာရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးမှုအခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိစစ်သည် မိသားစုများအတွက် သက်သာထောက်ပံ့ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးနှင့် ဌာနချုပ်မှူးတို့က လက်ခံရယူသည်။ ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ထစ်ချုန်းမိုး

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။



# ၂၀၁၅ ခုနှစ် စီးပွားရေးသိပ္ပံနိုဘယ်လ်ဆု ပရင်စတန်တက္ကသိုလ်ပါမောက္ခ အန်းဂုးစ်ဒီတန်အား ချီးမြှင့်

**စတော့ဟုမ်း အောက်တိုဘာ ၁၂**

၂၀၁၅ ခုနှစ် စီးပွားရေးသိပ္ပံပညာရပ်ဆိုင်ရာ နိုဘယ်လ်ဆုကို အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်၏ ပရင်စတန်တက္ကသိုလ်ပါမောက္ခ အန်းဂုးစ်ဒီတန်ကို ချီးမြှင့်လိုက်ပြီဖြစ်ကြောင်း သိရသည်။

စကော့တလန်နိုင်ငံသား ပါမောက္ခ အန်းဂုးစ်ဒီတန်အား နေ့စဉ်လူမှုဘဝတွင် စားသုံးမှုစနစ်၊ ဆင်းရဲမွဲတေမှု အပါအဝင် လူမှုဘဝဖူလုံရေးတို့နှင့်ပတ်သက်ပြီး ၎င်း၏ ဆန်းစစ်လေ့လာတွေ့ရှိချက်များကြောင့် ဆွီဒင်တော်ဝင်အကယ်ဒမီသိပ္ပံက နိုဘယ်လ်ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

၎င်း၏ဆန်းစစ်တွေ့ရှိချက်ကြောင့် စီးပွားရေးဆိုင်ရာမူဝါဒချမှတ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူများစွာပြုမည်ဖြစ်ကြောင်း ဆွီဒင်တော်ဝင်အကယ်ဒမီသိပ္ပံကဆိုသည်။

ပါမောက္ခ အန်းဂုးစ်ဒီတန်ကို ၁၉၄၅ ခုနှစ်တွင် စကော့တလန်နိုင်ငံမြို့တော် အဲဒင်းဘတ်တွင် မွေးဖွားခဲ့သည်။ ယခုအချိန်တွင် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်ရှိ ပရင်စတန်တက္ကသိုလ်တွင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

စီးပွားရေးသိပ္ပံဆုသည် ၁၈၉၅ ခုနှစ်က အဲဖရက်နိုဘယ်လ်ဖန်တီးခဲ့သည့် နိုဘယ်လ်ဆုများစာရင်းတွင် ပါဝင်မှုမရှိခဲ့ပေ။ ၁၉၆၈ ခုနှစ်မှသာ ဆွီဒင်အစိုးရက အဲဖရက်နိုဘယ်လ်အား အောက်မေ့သတိရဂုဏ်ပြုသည့်အနေဖြင့် စီးပွားရေးသိပ္ပံနိုဘယ်လ်ဆုကို စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။




ယခုနှစ် နိုဘယ်လ်ဆုရှင်များကို ဒီဇင်ဘာ ၁၀ ရက်တွင် စတော့ဟုမ်းနှင့် အော်စလိုမြို့များတွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

**ရိုက်တာ။**

## တရုတ်နိုင်ငံတွင် ခြောက်နှစ်တာကာလအတွင်း ပြည်သူသန်း ၇၀ ဆင်းရဲတွင်းမှ လွတ်မြောက်ရန် ရည်မှန်း

**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံတွင် လာမည့်ခြောက်နှစ်တာကာလအတွင်း ဆင်းရဲမွဲတေမှုစံနှုန်း သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ပြည်သူသန်း ၇၀ ကို ဆင်းရဲတွင်းမှ ကယ်ထုတ်မည်ဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်စုတာကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း လျင်မြန်ခဲ့သော်လည်း တရုတ်နိုင်ငံသည် ဆင်းရဲမွဲတေမှုပြဿနာကို ဆက်လက်ရင်ဆိုင်နေခဲ့ရသည်။ အထူးသဖြင့် ကျေးလက်ဒေသများ၌ အလုပ်လက်မဲ့ပေါများနေပြီး အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူတို့မှာ မိမိတို့၏ ရင်သွေးကလေးများနှင့် မိအိုဖအိုတို့ကို ထားရစ်ကာ မြို့တက်၍ အလုပ်လုပ်ကြရကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်းရဲမွဲတေသူ ပြည်သူသန်း ၇၀ စလုံးကို ဆင်းရဲတွင်းမှ လွတ်မြောက်စေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတော်ကောင်စီအောက်ရှိ ဆင်းရဲမွဲတေမှုလျှော့ပါးရေးရုံး၏ ဒုတိယညွှန်ကြားရေးမှူး ဟောင်တိုင်ယွန်က ပြောကြားသည်။ အထူးသဖြင့် ကျေးလက်ဒေသနေပြည်သူ သန်း ၇၀ ခန့်သည် တစ်နှစ်လျှင် ယွမ် ၂၃၀၀ အောက်နည်းသော ဝင်ငွေကိုသာ ရရှိကြသည်ဟု အမျိုးသားစာရင်းအင်းဗျူရို၏ အစီရင်ခံစာကို ကိုးကားလျက် ဆင်ဟွာသတင်းဌာနက လွန်ခဲ့သည့်လတွင် သတင်းထုတ်ပြန်ခဲ့သည်။

ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် ရေတိုအစီအစဉ်များ ချမှတ်ကာ ဒေသန္တရအစိုးရအဖွဲ့များက တာဝန်ယူဆောင်ရွက်စေခဲ့ကြောင်း၊ အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ခြင်းမရှိပါက ဆင်းရဲမွဲတေမှုလျှော့ချရေး ရည်မှန်းချက်ပေါက်မြောက်အောင်မြင်နိုင်မည် မဟုတ်ကြောင်း ဟောင်ကပြောကြားသည်။

၂၀၁၄ ခုနှစ်အတွင်း ပြည်သူ ၁၂ ဒသမ ၃ သန်းခန့်သည် ဆင်းရဲမွဲတေမှုဘဝမှ လွတ်မြောက်လာခဲ့ပြီး ဝင်ငွေမြင့်မားတိုးတက်လာခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**ဆင်ဟွာ။**



## လူဝံတို့၏ဘဝကို ခြိမ်းခြောက်နေသည့် အင်ဒိုနီးရှားတောမီး

**ဂျကာတာ အောက်တိုဘာ ၁၂**

အင်ဒိုနီးရှားနိုင်ငံတွင် လောင်ကျွမ်းလျက်ရှိသည့် တောမီးသည် လူဝံတို့၏ နေထိုင်ကျက်စားမှုဝလေ့စရိုက်ကို ခြိမ်းခြောက်လျက်ရှိသည်။

ယခုအခါတောမီးသည် ခါလီမန်တန်နှင့် ဆူမားတြားကျွန်းများသို့ ကူးစက်လောင်ကျွမ်းလျက်ရှိသည်။

တောင်ယာ လုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက ဆီအုန်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရေးအတွက် မီးရှို့၍လုပ်ကွက်များ ရှင်းလင်းရာမှ တောမီးများစတင်လောင်ကျွမ်းခြင်း ဖြစ်ဖွယ်ရှိသည်ဟု ယူဆရသည်။ မီးလောင်ကျွမ်းမှုကြောင့် ယခုနှစ်တွင် သစ်တောဧရိယာဟက်တာ ၁ ဒသမ ၇ သန်း စံချိန်တင် ဆုံးရှုံးခဲ့ရကြောင်း အင်ဒိုနီးရှားအစိုးရက ပြောကြားသည်။

တောမီးများ လောင်ကျွမ်းပြီးနောက် လူဝံများကို ခါလီမန်တန်ပြည်နယ်ရှိ လူနေရပ်ကွက်များအနီး တစ်ဝိုက်တွင် ကယ်ဆယ်စောင့်ရှောက်ထားရသည်။

ခါလီမန်တန်နှင့် ဆူမားတြားပြည်နယ်များတွင် လူဝံအကောင်ရေ ၆၀၀၀၀ ခန့်ရှိမည်ဟု ယူဆရသည်။ လူဝံများသည် လူနေဧရိယာများတွင် နေထိုင်ကျက်စားလေ့မရှိပေ။

သစ်တောရေးရာ တာဝန်ရှိသူများက တောမီးကိုငြိမ်းသတ်ရန် ကြိုးစားနေသော်လည်း မီးသတ်ပစ္စည်း အလုံအလောက်မရှိ ဖြစ်နေသည်။ တောမီးကို မငြိမ်းသတ်နိုင်လျှင် ရှားပါးတိရစ္ဆာန်များ အကောင်ရေ လျော့ကျသွားဖွယ်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**

## အာဖဂန်နစ္စတန်တွင် ဗြိတိန်စစ်ရဟတ်ယာဉ် ပျက်ကျ တပ်ဖွဲ့ဝင် ငါးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

**ကဘူး အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် ဗြိတိန်စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် နေတိုးတပ်ဖွဲ့ဝင်ငါးဦး သေဆုံးပြီး တပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားသည်။

စစ်ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးထိခိုက်ဒဏ်ရာရသူဦးရေကို နေတိုးတပ်ဖွဲ့၏ ထောက်ပံ့ရေးလုပ်ငန်းအဖွဲ့က အတိအကျပြောကြားသော်လည်း ၎င်းတို့မည်သည့်နိုင်ငံသားများဖြစ်သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက ကဘူးမြို့ရှိ နေတိုးထောက်ပံ့ရေးလုပ်ငန်းအဖွဲ့၏ ဌာနချုပ်နယ်မြေအတွင်း စစ်ရဟတ်ယာဉ် ပျက်ကျခဲ့သည်ဟု ပြောကြားသော်လည်း အသေးစိတ် မသိရပေ။

ဗြိတိန်လေတပ်မှ ပူးမား အမ်ကေ-၂ အမျိုးအစားရဟတ်ယာဉ်တစ်စင်းသည် အခြေစိုက်စခန်း၌ ဆင်းသက်ရာတွင် ပျက်ကျခဲ့ပြီး ဘုရင့်လေတပ်မတော်မှ လေတပ်သားနှစ်ဦး သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ယင်း၏ အင်တာနက်ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ သောင်းကျန်းသူများ၏ လက်ချက်ကြောင့် စစ်ရဟတ်ယာဉ်ပျက်ကျရခြင်း မဟုတ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့၏ တိုက်ခိုက်ရေးတာဝန်မှာ ပြီးဆုံးသွားပြီဖြစ်သော်လည်း အမေရိကန်တပ်ဖွဲ့ဝင် အများစုဖြစ်သည့် တပ်ဖွဲ့ဝင် ၁၂၀၀၀ နီးပါးမှာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလေ့ကျင့်သင်တန်းပေးရန် ဆက်လက်ရှိနေကြောင်း သတင်းဖော်ပြသည်။ **ဆင်ဟွာ။**



## နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာတရားရုံးမှ တောင်အာဖရိကနိုင်ငံ နုတ်ထွက်ရန် စီစဉ်

**ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၁၂**

တောင်အာဖရိကနိုင်ငံသည် နိုင်ငံတကာ ရာဇဝတ်ပြစ်မှုဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်ရန် စီစဉ်လျက်ရှိကြောင်း သမ္မတရုံးဒုတိယဝန်ကြီး အိုဘေးဘာပီလာက ပြောကြားလိုက်သည်။

ယခုနှစ်အစောပိုင်းက ဆူဒန်သမ္မတအား ဖမ်းဆီးပေးရန် နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာတရားရုံး၏ အမိန့်ကို တောင်အာဖရိကအစိုးရအဖွဲ့က လျစ်လျူရှုခဲ့ခြင်းနှင့် ပတ်သက်၍ ဝေဖန်မှုများနှင့် တွေ့ကြုံခဲ့ရပြီးနောက် အိုဘေးဘာပီလာက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာတရားရုံးမှ နုတ်ထွက်ရန် အာဏာရအာဖရိကအမျိုးသားကွန်ဂရက် (အေအင်န်စီ)ပါတီက ဆုံးဖြတ်လိုက်ကြောင်း အာဏာရပါတီ၏ မူဝါဒရေးရာအစည်းအဝေးအပြီးတွင် ဘာပီလာက ပြောကြားသည်။

ဆူဒန်သမ္မတ အိုမာဟာဆန်အယ်လ်ဘာရှီးသည် လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့မှုဖြင့် ၎င်းအား ရုံးတင်စစ်ဆေးနိုင်ရန် နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာတရားရုံးက ဖမ်းဝရမ်းထုတ်ပေးခဲ့သော်လည်း တောင်အာဖရိကအစိုးရက ယင်း၏နိုင်ငံသို့ ရောက်ရှိနေသူ အယ်လ်ဘာရှီးကို ထိန်းသိမ်းခြင်းမပြုဘဲ နိုင်ငံမှ ပြန်လည်ထွက်ခွာခွင့်ပေးခဲ့ခြင်းနှင့် ပတ်သက်၍ ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

တန်ခိုးအာဏာကြီးမားသောနိုင်ငံများသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်နေကြပြီး မိမိတို့၏ အတွက်ကြီးမားသော အကျိုးစီးပွားများအတွက်သာ ဦးတည်ဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာတရားရုံး၏ အဖွဲ့ဝင်နိုင်ငံအဖြစ်မှ နုတ်ထွက်ရေးကိစ္စနှင့်ပတ်သက်၍ တောင်အာဖရိကပါလီမန်က အချေအတင်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘာပီလာက ပြောကြားသည်။

**ရိုက်တာ။**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲ ကျင်းပခြင်းမပြုနိုင်သည့် နယ်မြေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ နယ်မြေအချို့၌ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်း ပြုမည်မဟုတ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အောက်တိုဘာ ၁၂ ရက်စွဲဖြင့် ကြေညာချက်(၅)စောင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ကြေညာချက်အမှတ် (၆၁/၂၀၁၅) တွင် ကချင်ပြည်နယ်အတွင်းရှိ မချမ်းဘောမြို့နယ်မှ ကျေးရွာအုပ်စု ၁၅ စု၊ ဆွမ်ပရာဘွမ်မြို့နယ်မှ ကျေးရွာအုပ်စု ၃၁ စု၊ ခေါင်လန်ဖူးမြို့နယ်မှ ကျေးရွာအုပ်စု နှစ်စု၊ ဝိုင်းမော်မြို့နယ်မှ ကျေးရွာအုပ်စု ၁၆ စု၊ ချီဖွေမြို့နယ်မှ ကျေးရွာအုပ်စု ကိုးစု၊ ဆော့လော်မြို့နယ်မှ ကျေးရွာအုပ်စု ရှစ်စု၊ အင်ဂျန်းယန်မြို့နယ်မှ ကျေးရွာအုပ်စု ၆၁ စု၊ တနိုင်းမြို့နယ်မှ ကျေးရွာအုပ်စု ကိုးစု၊ မိုးမောက်မြို့နယ်မှ ကျေးရွာ အုပ်စု ၂၇ စု၊ မံစီမြို့နယ်မှ ကျေးရွာအုပ်စု ၂၃ စုနှင့် ရွှေကူမြို့နယ်မှ ကျေးရွာအုပ်စု ၁၀ စုတို့ ပါဝင်သည်။

ကြေညာချက်အမှတ် (၆၂/၂၀၁၅)တွင် ကရင်ပြည်နယ်အတွင်းရှိ ဘားအံမြို့နယ် မှ ကျေးရွာအုပ်စု တစ်စု၊ လှိုင်းဘွဲ မြို့နယ်မှ ကျေးရွာအုပ်စု ရှစ်စု၊ သံတောင်ကြီးမြို့နယ်မှ ကျေးရွာအုပ်စု ကိုးစု၊ ကော့ကရိတ်မြို့နယ်မှ ကျေးရွာအုပ်စု ခုနစ်စု၊ ကြာအင်းဆိပ်ကြီးမြို့နယ်မှ ကျေးရွာအုပ်စု ၃၈ စု၊ မြဝတီမြို့နယ်မှ ကျေးရွာအုပ်စု ခြောက်စုနှင့် ဖာပွန်မြို့နယ်မှ ကျေးရွာအုပ်စု ၂၅ အုပ်စုတို့ ပါဝင်သည်။

ကြေညာချက်အမှတ် (၆၃/၂၀၁၅)တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ကြီးမြို့နယ်မှ ကျေးရွာအုပ်စု ၁၂ စုနှင့် ရွှေကျင်မြို့နယ်မှ ကျေးရွာအုပ်စု ၂၉ စုတို့ ပါဝင်ပြီး ကြေညာချက်အမှတ် (၆၄/၂၀၁၅)တွင် မွန် ပြည်နယ် ဘီးလင်းမြို့နယ်မှ ဘောနော‌ခီးကျေးရွာအုပ်စုတို့ ပါဝင်သည်။

ကြေညာ ချက်အမှတ်(၆၅/၂၀၁၅)တွင် ရှမ်းပြည်နယ် ပန်ဆန်း(ပန်ခမ်း)မြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်၊ နားဖန်းမြို့နယ်နှင့် မိုင်းလားမြို့နယ်တစ်ခုလုံးကိုလည်းကောင်း၊ မူဆယ်မြို့နယ်မှ ကျေးရွာအုပ်စု လေးစု၊ ကုန်းကြမ်းမြို့နယ်မှ ကျေးရွာအုပ်စု နှစ်စု၊ မန်တုံမြို့နယ်မှ ကျေးရွာအုပ်စု နှစ်စု၊ မိုင်းခတ်မြို့နယ်မှ ကျေးရွာအုပ်စု လေးစု၊ မိုင်းယန်းမြို့နယ်မှ ကျေးရွာအုပ်စု ၁၅ စု၊ မိုင်းယောင်းမြို့နယ်မှ ကျေးရွာအုပ်စု ရှစ်စု၊ မိုင်းတမြို့နယ်မှ ကျေးရွာအုပ်စု လေးစုနှင့် မက်မန်းမြို့နယ်မှ ကျေးရွာအုပ်စု ၁၇ စုကိုလည်းကောင်း ထုတ်ပြန်ထားသည်။

အဆိုပါ ရွေးကောက်ပွဲများ ကျင်းပခြင်း မပြုနိုင်သည့်မြို့နယ်အလိုက် ကျေးရွာအုပ်စုအမည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ Website ဖြစ်သော www.uecmyanmar.org တွင် အသေးစိတ် ဖော်ပြထားရှိသဖြင့် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရန် နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ရန် ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ HORIZON ဟိုတယ်သို့ ရောက်ရှိ လာသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU)ဥက္ကဋ္ဌ ဦးစောမူတူးစေးဖိုးနှင့်အတူ ဦးဂျော်နီ နှင့် အဖွဲ့ဝင် ၁၆ ဦး လိုက်ပါလာခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငါးနှစ်အောက်ကလေးများ ရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်းကျဆင်းစေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကလေးကျန်းမာရေး ဖွံ့ဖြိုးရေးဌာနခွဲ၏ ဦးဆောင်မှုဖြင့် UNICEF ၊ JSI တို့ ပူးပေါင်းဆောင်ရွက်သော National Consultative Meeting on Implementation of M-Health in Myanmar အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး တက်ရောက် အမှာစကားပြောကြားရာတွင် ယခုအချိန်သည် နိုင်ငံတော်တွင် မိခင်နှင့်မွေးကင်းစ၊ ငါးနှစ်အောက်ကလေးများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများကို လူတိုင်း လက်လှမ်းမီရရှိစေရန်၊ ရောဂါဖြစ်ပွားနှုန်းနှင့် သေဆုံးမှုနှုန်းများပိုမိုကျဆင်းစေရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကဏ္ဍအသီးသီးမှ နှီးနွှယ်အဖွဲ့အစည်းများနှင့် အတူ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ မွေးကင်းစကလေးနှင့် ကလေးကျန်းမာရေးအပါအဝင် အခြားသော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရည်အသွေးပြည့်မီစွာ စောင့်ရှောက်မှုပေးနိုင်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ရာ၌ လက်ကိုင်ဖုန်းကို အသုံးပြု၍ ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ခြင်းသည် ကျန်းမာရေးကဏ္ဍ၌ ဆန်းသစ်သော ဆောင်ရွက်မှုဖြစ်ပါကြောင်း၊ ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော လူတိုင်းလက်လှမ်းမီသည့်ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရေးအတွက်လည်း အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

မိခင်နှင့် ငါးနှစ်အောက်ကလေးများ သေဆုံးမှုနှုန်းများလျော့ကျရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာများတွင် ပိုမိုလွှမ်းခြုံနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်းဖြစ်ပါကြောင်း၊ ကျန်းမာရေး ဝန်ဆောင်မှုပေးသူများသည် လက်ကိုင်ဖုန်းအသုံးပြု၍ လူနာမှတ်တမ်းတင်ခြင်း၊ စံချိန်မီကုထုံးများ ကိုးကားနိုင်ခြင်း၊ ရက်ချိန်းပြန်လည်ကြည့်ရှုပေးနိုင်ခြင်း၊ ကျန်းမာရေးသတင်းအချက်အလက်များ တိကျစွာရရှိနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများအား စဉ်ဆက်မပြတ်ကြီးကြပ်နိုင်ခြင်း စသည့် လုပ်ငန်းများတွင်လည်း များစွာအထောက်အကူပြုစေမည် ဖြစ်ပါကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ တာဝန်ရှိသူများ စုစုပေါင်း ၇၈ ဦးခန့် တက်ရောက်ကြပြီး အစည်းအဝေးကို အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တာကျင်းပသွားမည် ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးအတွက် Sunlabob ကုမ္ပဏီက ကူညီပံ့ပိုးမှုပေးမည်

ကျေးလက်ဒေသများအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သောက်ရေသန့်ရရှိရေးကို အဓိကဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်သည့် Sunlabob ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကုမ္ပဏီသည် မြန်မာနိုင်ငံရှိ ဝေးလံခေါင်ဖျားဒေသများတွင် ဆိုလာစွမ်းအင်သုံး အသေးစားဓာတ်အား ကွန်ရက်စနစ် ၁၁ ခုကို လျင်မြန်စွာ အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးမည့် သဘောတူစာချုပ်တစ်ခုကို မကြာသေးမီက အပြီးသတ်လိုက်ကြောင်း Eco-business.com ဝက်ဘ်ဆိုက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါကုမ္ပဏီ၏ အသေးစားဓာတ်အား ကွန်ရက်စနစ် ၁၁ ခုဖြင့် ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာ မီးရရှိရေးအတွက် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းစီမံကိန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အောက်တွင် ထားရှိကာ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JICS) က ငွေကြေးထောက်ပံ့မည်ဟု သိရသည်။

Sunlabob ကုမ္ပဏီအနေဖြင့် အရည်အသွေးမြင့်မားသော နေစွမ်းအင်နည်းပညာကို အသုံးပြုကာ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် လျှပ်စစ်မီးရရှိရေးစီမံကိန်းတွင် ပါဝင်ခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ကုမ္ပဏီစီအီးအိုဖြစ်သူ အင်ဒီစခရူတာက ပြောကြားသည်။ Sunlabob ကုမ္ပဏီသည် အရှေ့တောင်အာရှ၊ အာရှ၊ အာဖရိကနှင့် ပစိဖိတ်ဒေသများရှိနိုင်ငံ ၂၅ နိုင်ငံတွင် အလားတူပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ပြီး ယခုစီမံကိန်းတွင် လိုအပ်သောပစ္စည်းများဖြည့်တင်းမှု၊ ဒီဇိုင်းရေးဆွဲမှုနှင့် နေစွမ်းအင်သုံးဓာတ်အားစနစ်များ ဆောက်လုပ်မှု စသောကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေးစီမံကိန်းကို အကောင်အထည်ဖော်ပြီးပါက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ သင်တန်းများကို ယင်းကုမ္ပဏီမှ အင်ဂျင်နီယာများက ပြည်တွင်းပညာရှင်များကို ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အင်ဒီစခရူတာက လာမည့်နှစ်များတွင် မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ လျှပ်စစ်မီးရရှိရေးတွင် ဆိုလာစွမ်းအင်သုံး အသေးစားဓာတ်အားကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ရရှိရေးမှာ အရေးကြီးလာသည့် အချက်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် Sunlabob ကုမ္ပဏီသည် ၂၀၁၄ ခုနှစ် ကတည်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ကြောင်း ထပ်လောင်းပြောကြားသည်။ **(ဝရဇိန်)**

# ပဲခူးမြို့တွင် သတင်းမီဒီယာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးအတွင်းရှိသတင်းမီဒီယာများ၏ ဌာနဆိုင်ရာ သတင်းအချက်အလက် ရယူရေးနှင့် ပတ်သက်သော မီဒီယာ အလုပ်ရုံဆွေးနွေးပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)တို့ ပူးပေါင်းပြီး အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိသတင်းစာဆရာများ အသင်းနှင့် ဂျာနယ်လစ်ကွန်ရက်တို့မှ မီဒီယာသမားများ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အုန်းသီးဝယ်လိုအားကြောင့် ဈေးနှုန်းမြင့်တက်

**ရေတာရှည် အောက်တိုဘာ ၁၂**

မန္တလေးဈေးကွက်၏ဝယ်လိုအားကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် အုန်းသီးဈေးမြင့်တက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှသိရသည်။

မိုးဦးကာလက အရောင်းအဝယ်ပါး၍ အဝယ်မျှော်ခဲ့ကြရသော်လည်း အထက်အညာဒေသများတွင် ဝါတွင်းကာလမုန့်လုပ်ငန်းများ၏ လိုအပ်ချက်နှင့် ပွဲတော်များ၌ အသုံးပြုရန်ဝယ်လိုအားမြင့်တက်နေပြီး တောင်ပြိုးပွဲတော်မတိုင်မီကတည်းက မှာယူမှုအများအပြားရှိကာ ယခုအခါအုန်းသီး တစ်လုံးလျှင်ကျပ် ၁၅၀ ဖြင့်ဝယ်ယူကြသည်ကို တွေ့ရသည်။

“အရင်ကဆိုဝယ်မယ့်သူမရှိလို့မနည်းကိုစပ်ပြီးရောင်းနေရတာ။ အဲဒီတုန်းက ဒီမှာတစ်လုံးမှ တစ်ရာလောက်ပဲရှိတာ။ အခုမရတော့ဘူး။ ရောင်းမယ့်သူတွေကလည်း ဈေးတိုးတောင်းလို့ ကျပ် ၁၅၀ ဖြစ်သွားတာ”ဟု အုန်းသီးအရောင်းအဝယ်လုပ်သူတစ်ဦးကပြောသည်။ ကျေးရွာတိုင်းလိုလို နေအိမ်ခြံဝင်းတစ်လျှောက် အုန်းပင်များကို စိုက်ပျိုးထားကြပြီး ပွဲအုန်း(အညာပါ)၊ အလုံးကျွတ်အနေဖြင့် ရောင်းချကြပြီး အုန်းဆီကြိတ်၍ ပြန်လည်ရောင်းချသူများလည်း ရှိသည်။

**ကိုလွင်(ဆွာ)**

# အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ပေါင် အောက်တိုဘာ ၁၂**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကိုအောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီက ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြင့်အောင်က ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဝင်းသိန်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိမှု၊ အထူးရဲခန့်အပ်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ပေါင်မြို့နယ်အတွင်း၌ လာမည့်ရွေးကောက်ပွဲတွင် မဲရုံ ၉၄ ရုံထားရှိသွားမည်ဖြစ်ရာ မဲရုံလုံခြုံရေးအတွက် အထူးရဲ ၉၄ ဦး ခန့်အပ်တာဝန်ပေးအပ်ထားကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

# ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော ခရီးသွားလုပ်ငန်း

ဇော်လင်းထွန်း(ဟိုတယ်/ခရီး)

လူသားတို့နေထိုင်သော ကမ္ဘာမြေကြီး၏ ရာသီဥတုကား ပြောင်းလဲလာပြီဖြစ်သည်။ မည်ကဲ့သို့ပြောင်းလဲလာသနည်းဟုမေးခဲ့လျှင် ရာသီဥတု သိသိသာသာပူလာသည်ဟု တညီတညွတ်တည်း အဖြေပေးကြမည်သာ။ ထိုသို့ ကမ္ဘာ့အပူချိန်တိုးတက်လာနေခြင်းကို ပညာရှင်များက ကမ္ဘာမြေပူနွေးလာမှု (Global Warming)ဟု အမည်ပေး၍ အရေးတကြီးကိုင်တွယ်ဖြေရှင်းရမည့်ကိစ္စရပ်အဖြစ် ရှေ့တန်းတင်လာကြသည်။ကမ္ဘာကြီး၏ အပူချိန်မြင့်တက်လာမှုကို အားလုံးခံစားလာကြရသည်ဖြစ်ရာ ကုစားရန်လိုအပ်နေပြီဖြစ်ကြောင်း အသိအမှတ်ပြုလာကြပြီဖြစ်သည်။

**ကမ္ဘာမြေပူနွေးလာမှု (Global Warming)**

ကမ္ဘာမြေပူနွေးလာမှုဆိုသည်မှာ သစ်တောများပြုန်းတီးမှု(သို့မဟုတ်)ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းမှုတို့မှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက် အစရှိသည့် ဖန်လုံအိမ်ဓာတ်ငွေ့များ (Greenhouse Gases) က ကမ္ဘာမြေပေါ်မှလွတ်ထွက်သွားနိုင်သော အပူငွေ့များကို စုပ်ယူထိန်းသိမ်းထားကြသည့်အတွက် ကမ္ဘာမြေမျက်နှာပြင်၏ ပျမ်းမျှအပူချိန်တိုးလာခြင်းကို ဆိုလိုခြင်းဖြစ်သည်။

**ကမ္ဘာမြေပူနွေးလာမှုဘာကြောင့်ဖြစ်**

ကမ္ဘာမြေ၏ ရာသီဥတုအခြေအနေကို အများဆုံးလွှမ်းမိုးမှုရှိသည်မှာ မြေမျက်နှာပြင်အထက်မှ ခြောက်မိုင်အကွာအဝေးရှိ လေထုပင်ဖြစ်သည်။ ခြောက်မိုင်ဆိုသောအကွာအဝေးမှာ တကယ်တမ်းတွေးကြည့်ပါက ပါးလွှာလှသော လေထုလွှာသာဖြစ်သည်။ ယင်းလေထုလွှာပါးထဲတွင်ပင် ကမ္ဘာ့ရာသီဥတုကို ဖန်တီးဖြစ်ပေါ်စေသော အရာအားလုံးနီးပါး ပါဝင်နေသည်။ တကယ်တမ်း ကမ္ဘာမြေကို အာကာသအတွင်းမှ လှမ်းမျှော်ကြည့်ရှုလိုက်ပါက ကမ္ဘာ့ရာသီဥတုဖြစ်ပေါ်မှုကို လွှမ်းမိုးခြယ်လှယ်နေသော လေထုအလွှာ၏ပမာဏမှာ ကြက်သွန်နီဥ၏ အခွံလောက်သာအထုရှိကြောင်း ပညာရှင်များက ဆိုကြသည်။

ထိုအချက်ကပင် ကမ္ဘာ့ရာသီဥတုကို လူသားတို့က အပြောင်းအလဲဖြစ်စေနိုင်ကြောင်း ဖော်ပြနေသည်။ လူသားတို့၏ လုပ်ငန်းဆောင်ရွက်မှုများ တစ်နည်းအားဖြင့် လူ့ပယောဂကြောင့် ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် ကမ္ဘာမြေပူနွေးလာမှု၏ အဓိကလက်သည်ဖြစ်သည်။ ကမ္ဘာမြေပေါ်ရှိ လေထု၊ သမုဒ္ဒရာများ၊ မြေလွှာ၊ အပင်များ၊ သက်ရှိသတ္တဝါများတွင် ကာဗွန်စက်ဝန်း (Earth’s Carbon Cycle)၏ တစ်စိတ်တစ်ဒေသအဖြစ် ကာဗွန်ဓာတ်ငွေ့က သဘာဝအလျောက်ပါဝင်ပြီးဖြစ်သည်။ ထိုသို့ အချိုးအစားညီညွတ်မျှတစွာ ကမ္ဘာမြေ၏ အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိနေသော ကာဗွန်စက်ဝိုင်းဖွဲ့စည်းပုံသည် လူသားတို့၏ လုပ်ဆောင်ချက်များက လေထုထဲသို့ ကာဗွန်ဓာတ်ငွေ့များ ထပ်မံဖြည့်စွက်ပေးသကဲ့သို့ဖြစ်နေခြင်း၊ ကာဗွန်ဓာတ်ငွေ့ကို ရယူသုံးစွဲခြင်းဖြင့် လေထုထဲတွင် ကာဗွန်ပါဝင်မှုလျော့နည်းစေသောသစ်တောများ စသည့် အရင်းအမြစ်များအပေါ် လွှမ်းမိုးချုပ်ကိုင်မှုများရှိလာခြင်းတို့ကြောင့် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ ကာဗွန်ထုတ်လုပ်မှုလျော့နည်းသောစီးပွားရေးလုပ်ငန်း (Low-Carbon Economy) ကမ္ဘာမြေပူနွေးလာပြီး ရာသီဥတုပြောင်းလဲကာ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်မှုကို ကောင်းစွာသတိပြုလာကြသော ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံအလိုက် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။

ထိုသို့သော အကြောင်းများကြောင့် ကာဗွန်ထုတ်လုပ်မှုလျော့နည်းသော စီးပွားရေးလုပ်ငန်း (Low-Carbon Economy)သည် မလွှဲမရှောင်သာသော ရွေးချယ်မှုတစ်ရပ်ဖြစ်လာသည်။ ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော စီးပွားရေးလုပ်ငန်းဟူသော သဘောတရားမှာ လေထုထဲသို့ ဖန်လုံအိမ်ဓာတ်ငွေ့ အထူးသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို နည်းနိုင်သမျှအနည်းဆုံးထုတ်လွှတ်သော စီးပွားရေးလုပ်ငန်းကို ညွှန်းဆိုခြင်းဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် အကောင်အထည်ဖော်ရန် အဆိုပြုလာသည့် ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော စီးပွားရေးလုပ်ငန်းအယူအဆသည် သဘာဝဘေးအန္တရာယ်ဆန်စွာ ဖြစ်လာနိုင်ခြေရှိသည့် ရာသီဥတုပြောင်းလဲခြင်းမှ လွဲရှောင်နိုင်ခြင်းကိုအစပြု၍ ကာဗွန်ကင်းစင်သော လူ့အဖွဲ့အစည်း ( Zero-carbon Society )နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစီးပွားရေး (Renewable-energy economy) ပုံစံတစ်ရပ် ပေါ်ထွန်းလာရေးအထိ ရည်ရွယ်ထားသည်။

ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော ခရီးသွားလုပ်ငန်း (Low Carbon Tourism) ဖြစ်ထွန်းပေါ်ပေါက်လာသော ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော စီးပွားရေးလုပ်ငန်းနှင့် မည်သို့လိုက်လျောညီထွေ ဆောင်ရွက်ရမည်ဆိုသည်မှာလည်း ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရေးပါလာခဲ့သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့် စီမံခန့်ခွဲမှုသည်လည်း ကမ္ဘာမြေပူနွေးလာမှုကြောင့် ထိခိုက်မှုရှိသောကဏ္ဍများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း၊ အာမခံလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် အလားတူပင် ခရီးသွားလုပ်ငန်းသည်လည်း ရာသီဥတုအပေါ် များစွာတည်မှီနေသော (Highly Climate-Sensitive )လုပ်ငန်းတစ်ခုဖြစ်သည်။ ကမ္ဘာတစ်လွှားရှိ ခရီးစဉ်ဒေသများတွင် ရာသီဥတုပြောင်းလဲမှုများ ခပ်စိပ်စိပ်ဖြစ်ပေါ်လာခြင်း၊ ခရီးသွားလာခြင်းအတွက် ရာသီဥတုအပေါ်တွင် ထည့်သွင်းတွက်ချက်ဆုံးဖြတ်လာကြခြင်းတို့က ရာသီဥတုပြောင်းလဲခြင်းကို ကုစားရာတွင် ပါဝင်ဆောင်ရွက်ရန်မှာ ခရီးသွားလုပ်ငန်း၏ ဝေးကွာသော အနာဂတ်လုပ်ငန်းစဉ်တစ်ခု မဟုတ်တော့ကြောင်း ညွှန်းဆိုနေသည်။ တစ်ချိန်တည်းမှာပင် ခရီးသွားဧည့်သည်များအတွက် သယ်ယူပို့ဆောင်ပေးခြင်း၊ တည်းခိုနေထိုင်ခြင်းတို့မှ ထွက်ပေါ်လာသော ဖန်လုံအိမ်ဓာတ်ငွေ့များက ရာသီဥတုပြောင်းလဲမှုတွင် ခရီးသွားလုပ်ငန်းက တစ်စုံတစ်ရာသက်ဆိုင်မှုရှိနေကြောင်း ဖော်ပြနေသည်။

လူသားတို့ခရီးသွားကြရာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များကိုအသုံးပြုရပြီး ဟိုတယ်တွင် စာရင်းပေးသွင်းတည်းခိုကြသည်။ ယင်းဖြစ်စဉ်က သယ်ယူပို့ဆောင်ရေး၊ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ဖျော်ဖြေရေးလုပ်ငန်းများနှင့် လက်လီဆိုင်များအပါအဝင် ခရီးသွားလုပ်ငန်းထောက်ပံ့မှုကွင်းဆက်များ (Tourism and Travel Supply Chain)ကို ဖြစ်ပေါ်စေသည်။ အဆိုပါကွင်းဆက်တွင်ပါဝင်ကြသော အုပ်စုအသီးသီးက တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကာဗွန်ထုတ်လွှတ်မှု အနည်းနှင့်အများဆိုသလို ရှိနေကြသည်။ ဟိုတယ်များ၊ Resort များ၊ ခရီးသည်တင်လေယာဉ်များ၊ ရထားများကဲ့သို့သော ခရီးသွားလုပ်ငန်း စီးပွားရေးကဏ္ဍတွင် တိုက်ရိုက်ပါဝင်နေသည့် နေရာများမှ ကာဗွန်ထုတ်လွှတ်မှုကို တိုက်ရိုက်ကာဗွန်ထုတ်လုပ်မှုများ (Direct Emissions)၊ ခရီးသွားလုပ်ငန်း အေးဂျင့်ရုံးများ၊ လေကြောင်းလိုင်းများမှ လျှပ်စစ်သုံးစွဲမှု၊ ဟိုတယ်များအတွက် အသုံးအဆောင်များ၊ အစားအစာများ သယ်ယူပို့ဆောင်မှုများကဲ့သို့သော ခရီးသွားလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများမှ ကာဗွန်ထုတ်လုပ်မှုကို သွယ်ဝိုက်ကာဗွန်ထုတ်လုပ်မှုများ (Indirect Emissions)ဟု သတ်မှတ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO)၏စာရင်းဇယားများအရ တိုက်ရိုက်ကာဗွန်ထုတ်လွှတ်မှုသည် ကား၊ ရထား စသောခရီးသွားလုပ်ငန်း၊ မြေပြင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ တစ်နှစ်လျှင် နှစ်ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးမှ နှစ်စဉ် ၂ ဒသမ ၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေကြောင်းသွားလာရေးသင်္ဘောများမှ နှစ်စဉ် ၃ ဒသမ ၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ဟိုတယ်၊ ဧည့်ရိပ်သာစသော တည်းခိုနေထိုင်ရေးလုပ်ငန်းများမှ နှစ်စဉ် ၃ ဒသမ ၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း ၂၀၃၅ ခုနှစ်အထိ ဆက်လက်ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းထားသည်။

ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော ခရီးသွားလုပ်ငန်းဆိုရာတွင် လောင်စာဆီသုံးစွဲမှုလျော့နည်းသော လေယာဉ်များ အစားထိုးအသုံးပြုခြင်း၊ ကားများ၊ ရထားများ လောင်စာဆီသုံးစွဲမှု လျော့နည်းစေရန်ဆောင်ရွက်ခြင်းမှ အစပြု၍ များစွာကျယ်ပြန့်လှသည်။ သို့ရာတွင် ယခုဆောင်းပါး၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများကိုသာ အလေးထားတင်ပြလိုခြင်းဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်းရှိ တည်းခိုနေထိုင်ရာနေရာများမှ ကာဗွန်ထုတ်လွှတ်ခြင်း**

ဟိုတယ်များသည် ဝန်ဆောင်မှုအရည်အသွေးမြင့်မားနေစေရေးနှင့် အခြားဟိုတယ်များနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေးတို့အတွက် ဟိုတယ်အဆောက်အအုံနှင့် တပ်ဆင်ထားရှိသော ပစ္စည်းကိရိယာများကို အကောင်းဆုံးအဆင့်၌ရှိနေစေရန် ထိန်းသိမ်းထားရှိကြရသည်။ သို့သော်လည်း HVAC ခေါ် ရာသီဥတုအေးသော နေရာဒေသများတွင် အနွေးဓာတ်ရရှိရန် အပူပေးစက်များ တပ်ဆင်ခြင်း (Heating)၊ လေဝင်လေထွက်စနစ်ကောင်းမွန်စေရန် ကိရိယာများတပ်ဆင်ခြင်း (Ventilation)နှင့် လေအေးပေးစက်များတပ်ဆင်ခြင်း (Air Conditioning) အတွက် ကုန်ကျစရိတ်၊ အဆောက်အအုံပြင်ဆင်မွမ်းမံမှုအတွက် ကုန်ကျစရိတ်များသည် များပြားလှသည်ဖြစ်ရာ ဟိုတယ်များအနေဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို အနှစ်(၂၀)မှ အနှစ်(၃၀)ခန့်ကြာမှ လုပ်ဆောင်တတ်ကြသည်။ ထို့ကြောင့် လက်ရှိဟိုတယ်များကို ပြုပြင်မွမ်းမံမှု ပိုမိုလုပ်ဆောင်ခြင်းက ကာဗွန်ထုတ်လွှတ်မှုကို သိသိသာသာလျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုံးသပ်မှုများလည်းရှိသည်။ မြို့ပြနှင့် အလှမ်းကွာဝေးသော နေရာဒေသများရှိ အသေးစားဟိုတယ်များအတွက် ၎င်းတို့၏ ဟိုတယ်များကို အဆင့်မြှင့်တင်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းများပြုလုပ်နိုင်ရန် မူဝါဒချမှတ်သူများက အစီအစဉ်သစ်များ ချမှတ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်မြဲတိုးတက်ရေးကို ဦးတည်ချက်ထား၍ ရင်းနှီးမြှုပ်နှံလာကြစေရန် ဆွဲဆောင်စည်းရုံးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ဟိုတယ်များ၊ တည်းခိုခန်းများ၊ မိုတယ်များတွင် တည်းခိုနေထိုင်ခြင်းမှအစ မိတ်ဆွေများ၊ ဆွေမျိုးများထံ သွားရောက်လည်ပတ်နေထိုင်ခြင်း၊ Campများတွင် စခန်းချနေထိုင်ခြင်းအဆုံး စွမ်းအင်သုံးစွဲမှု ရှိမည်သာဖြစ်သည်။

ဗီယင်နာ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ (၂၀၀၇)မှ ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် လာမည့် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိနိုင်ကြောင်း၊ ထို့ကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုကို အနိမ့်ဆုံးအဆင့်အထိ လျှော့ချရန်ဖြစ်ပြီး ရာစုနှစ်အလယ် (၂၀၅၀ ခုနှစ်)တွင် ၂၀၀၀ ပြည့်နှစ်က ထုတ်လွှတ်မှုပမာဏ၏ ထက်ဝက်အထိလျှော့ချရမည်ဖြစ်ကြောင်း အသိအမှတ်ပြုဆွေးနွေးခဲ့ကြသည်။ သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းသည်လည်း နိုင်ငံတကာအသိုက်အဝန်းနှင့် လိုက်လျောညီထွေစွာ ဖန်လုံအိမ်ဓာတ်ငွေ့ (ကာဗွန်ဒိုင်အောက်ဆိုက်)ထုတ်လွှတ်မှုကို သိသိသာသာလျော့နည်းစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍတစ်ခုတည်းအနေဖြင့် ရာသီဥတုပြောင်းလဲမှုကို ကုစားပေးနိုင်မည် မဟုတ်သော်လည်း ပိုမိုကျယ်ပြန့်သော နိုင်ငံတကာရေရှည်တည်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် လိုက်လျောညီထွေပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုနှင့်အတူ ဆင်းရဲမှုလျှော့ချရေးကို ဖော်ဆောင်ရာမှအစပြု၍ကုလသမဂ္ဂ၏ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များကိုလည်း အကောင်အထည်ဖော်နိုင်ရန် ခရီးသွားလုပ်ငန်းကဏ္ဍ၏ အဓိကစိန်ခေါ်မှုများမှာ သင့်တင့်လျောက်ပတ်သော စွမ်းအင်အသုံးပြုမှုနည်းစနစ်ဖော်ထုတ်ရန်နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပင်ဖြစ်သည်။

ဟိုတယ်များအနေဖြင့် မိမိတို့ဧည့်သည်များကို ဝန်ဆောင်မှုများပြုရာ၌ အသုံးပြုသောပစ္စည်းများအပေါ် ပြန်လည်သုံးသပ်သင့်ပါသည်။ ဥပမာအားဖြင့် အချို့သော ဟိုတယ်များနှင့် စားသောက်ဆိုင်များသည် တစ်ခါသုံးတူများကို အသုံးပြုခြင်းဖြင့် သဘာဝအရင်းအမြစ်များကို အလေအလွင့်ဖြစ်ပေါ်စေသည်။ ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ အနှစ် (၂၀) သက်တမ်းရှိ သစ်ပင်တစ်ပင်သည် တူအစုံ ၃၀၀၀ မှ ၄၀၀၀ အထိသာ ထုတ်လုပ်ပေးနိုင်သည်။ ဤသို့ဆိုလျှင် လူ ၄၀၀၀ ခန့် တူကိုအသုံးပြု၍ တစ်ကြိမ် အစားအစာစားလိုက်တိုင်း အနှစ်(၂၀) သက်တမ်းရှိ သစ်ပင်တစ်ပင် ကွယ်ပျောက်နေသည့်အနေအထားဖြစ်ရာ သတိပြုဆင်ခြင်ဖွယ်ဖြစ်သည်။ ထို့အပြင် သစ်ပင်တစ်ပင်၏ နေ့စဉ်ပျမ်းမျှကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူသုံးစွဲမှုသည် ၅၀၂၃ ဂရမ်ခန့်ရှိပြီး တစ်ဟက်တာ အကျယ်အဝန်းရှိ သစ်တောတစ်ခုက လူပေါင်း ၂၀၀ မှ နေ့စဉ်ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပေးနိုင်သည့်အပြင် လူသားတို့ရှူရှိုက်နေကြသော အောက်ဆီဂျင်ဓာတ်ငွေ့ကို အမြောက်အမြား ထုတ်လွှတ်ပေးနေကြောင်း ပညာရှင်များက တွက်ချက်ထားသည်။ ထို့ကြောင့် သစ်ပင်များ၊ သစ်တောများထိခိုက်ခြင်းသည် ကာဗွန်ဓာတ်ငွေ့ပိုမိုထုတ်လွှတ်ခြင်းကို ဖြစ်ပေါ်စေကြောင်း သိသာနိုင်သည်။

ဟိုတယ်များအတွက် ဟင်းသီးဟင်းရွက်များ၊ အသားငါးများ၊ အသုံးအဆောင်များ စသည်တို့ကို ဝယ်ယူဖြည့်တင်းရာတွင်လည်း မိမိဟိုတယ်ရှိရာ ဒေသထွက်ကုန် (local Product) များကိုသာ အသုံးပြုသင့်ပါသည်။ ဝေးလံသောနေရာဒေသများမှ ပစ္စည်းများကို ဝယ်ယူအသုံးပြုခြင်းသည် ထိုနေရာသို့ သွားရောက်ရခြင်း၊ ပြန်လာရခြင်းအတွက် ယာဉ်တစ်မျိုးမျိုးကို အသုံးပြုရသည်ဖြစ်ရာ ကာဗွန်ထုတ်လွှတ်မှုကို ဖြစ်ပေါ်စေသည့်အပြင် စရိတ်စကများပြားစေပါသည်။

ခရီးသွားလုပ်ငန်းများ၊ အေးဂျင့်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းများမှ ကာဗွန်ထုတ်လွှတ်မှု နည်းနိုင်သမျှလျော့နည်းစေရန် ဆောင်ရွက်နိုင်ကြပါသည်။အားလပ်ရက်များကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ခရီးစဉ်များနှင့် ကုန်ဆုံးလိုကြသော တာဝန်သိခရီးသွားဧည့်သည်များ တိုးပွားလာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲလာမှုကို တားဆီးတိုက်ဖျက်နေသည့် တစ်ချိန်တည်းမှာပင် နိုင်ငံ၏အကြီးမားဆုံးအရင်းအမြစ်ဖြစ်သော သဘာဝအလှတရားကို ထိန်းသိမ်းသည့်ခရီးသွားလုပ်ငန်းကို ဦးတည်ဆောင်ရွက်သင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း(၂၀၁၃-၂၀၂၀)၏ မဟာဗျူဟာအစီအစဉ်များတွင် **ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးစနစ်များ တောင့်တင်းခိုင်မာစေခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေမှုရှိသော ခရီးသွားမူဝါဒများရေးဆွဲခြင်း၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော တီထွင်ဖန်တီးမှုများကို မြှင့်တင်အားပေးခြင်း** စသည်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ မဟာဗျူဟာများကို ထည့်သွင်းရေးဆွဲထားပါသည်။

ဤခရီးသွားလုပ်ငန်း ပင်မစီမံကိန်းသည် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည် ဝင်ရောက်သူဦးရေစာရင်းတိုးတက်ရေးတစ်ခုတည်းကိုသာ အဓိကထားဆောင်ရွက်သွားမည်မဟုတ်ဘဲ နိုင်ငံတော်အစိုးရအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍ၏ တိုးတက်မှုကို အမြဲစောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ ဖွံ့ဖြိုးမှုစီမံကိန်းများမူဘောင်အတွင်းမှ တန်ဖိုးမြင့်သောခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွား၊ နိုင်ငံ၏သဘာဝနှင့် သမိုင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် နိုင်ငံတော်၏နိုင်ငံခြားဝင်ငွေရရှိမှု၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး မြင့်တက်မှုတို့ကို ဟန်ချက်ညီညီရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အတိအလင်းထည့်သွင်းပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။

ပုံမှန်အားဖြင့် လူဦးရေ သိပ်သည်းများပြားသော၊ စက်မှုကုန်ထုတ်လုပ်ငန်းများစွာရှိသော နိုင်ငံများအား ကာဗွန်ထုတ်လွှတ်မှုများသောနိုင်ငံ၊ လူဦးရေသိပ်သည်းမှုနည်းသော၊ စက်မှုကုန်ထုတ်လုပ်ငန်းနည်းသောနိုင်ငံများအား ကာဗွန်ထုတ်လွှတ်မှုနည်းသောနိုင်ငံဟု သတ်မှတ်လေ့ရှိကြသည်။ ဤသတ်မှတ်ချက်အရ မြေဧရိယာကျယ်ဝန်း၍ လူဦးရေသိပ်သည်းများပြားမှုမရှိသော၊ စက်မှုကုန်ထုတ်လုပ်ငန်းများစွာမရှိသေးသော မြန်မာနိုင်ငံအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုနည်းသော နိုင်ငံများစာရင်းတွင် အလိုအလျောက်ပါဝင်ပြီးဖြစ်နေသည်။ ထို့အပြင် ခရီးသွားဧည့်သည် ဝင်ရောက်မှုတွင်လည်း သိပ်သည်းများပြားလွန်းသည့်အခြေအနေသို့ ရောက်ရှိခြင်းမရှိသေးသည့် အနေအထားတွင် ရှိနေသေးသည်။ သို့သော်လည်း နိုင်ငံတော်၏ ဘက်စုံပြုပြင်ပြောင်းလဲမှုများ၊ တိုးတက်မှုရလဒ်များကြောင့် နိုင်ငံတကာခရီးသွားများအကြား လာရောက်လည်ပတ်ရန် စိတ်ဝင်စားမှုများတိုးတက်လာနေသည့် မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်နေကြသူများအနေဖြင့် ဧည့်သည်များ တိုးတက်များပြားလာတော့မည့် မဝေးတော့သော အနာဂတ်ဖြစ်နိုင်ခြေများကို တွက်ချက်စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများမှအစပြု၍ဧည့်လမ်းညွှန်များ၊ ခရီးသွားလာသူများသည် တစ်ကမ္ဘာလုံးဆိုင်ရာအရေးကိစ္စဖြစ်သည့် ရာသီဥတုပြောင်းလဲလာမှု၊ ကမ္ဘာမြေပူနွေးလာမှုများကို တားဆီးတိုက်ဖျက်ရာတွင် ပါဝင်ဆောင်ရွက်ရာရောက်သည့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျော့နည်းစေသည့် နည်းလမ်းများ၊ စနစ်များ၊ လုပ်ငန်းခွင်အလေ့အထများ၊ ခရီးသွားအလေ့အထများကိုကျင့်သုံးကာ တာဝန်သိခရီးသွားလုပ်ငန်းဆိုင်ရာ ပါဝင်ဆောင်ရွက်ကြသူများအဖြစ် ရပ်တည်ရင်း ကာဗွန်ထုတ်လွှတ်မှုလျော့နည်းသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရေးကို ဝိုင်းဝန်းဖော်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။



" အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ "
(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၁၃ ရက်နေ့)
**International Day for Disaster Reduction**
" ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ် "
' Knowledge for Life '

# ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆန်းစစ်မှုများကို ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါဆန်းစစ်မှုများတွင် ရေဘေးလွန်ကာလ ပြန်လည်ထူထောင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့်ကဏ္ဍများ၊ အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများ စသည့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်ရေးဆိုင်ရာများနှင့် ထောက်ပံ့ကူညီမှုများကိုပါ ထည့်သွင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်အလိုက် ဆောင်ရွက်နိုင်ရန် အတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပါကြောင်း ရေဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်ချက် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရေဘေးလွန်ပြန်လည်ထူထောင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ UN၊ EU၊ JICA ၊ ကမ္ဘာ့ဘဏ်တို့မှ ပညာရှင်များနှင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးပွဲတွင် ရေဘေးသင့်ဒေသများဆိုင်ရာ အရေးပေါ်လုပ်ငန်းဌာနများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးဌာနတို့၏ ဆောင်ရွက်မှုများအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းတို့က လည်းကောင်း၊ ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်ချက်အပေါ် ကမ္ဘာ့ဘဏ်မှ မစ္စတာ မိုက်ကယ် ဂရေပန်တင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့အပြင် ဆွေးနွေးပွဲတွင် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ တွေ့ရှိချက်များ၊ လူမှုကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ အခြေခံအဆောက်အအုံကဏ္ဍ စသည်ဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာ ဆောင်ရွက်မှုများအပေါ် နိုင်ငံတော်သမ္မတ အကြံပေးများဖြစ်ကြသော ဒေါက်တာဒေါ်ရင်ရင်နွယ်၊ ဦးတင်ထွဋ်ဦး၊ ဦးဇော်ဦးတို့ ဦးဆောင်ကာ တက်ရောက်လာကြသူများက စုပေါင်းဆွေးနွေးခဲ့ကြသည်။

ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်သူ ၁ ဒသမ ၆ သန်းသည် ရေဘေးဒဏ်ကို တိုက်ရိုက်ခံစားခဲ့ကြရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သဘာဝဘေးဆိုင်ရာ အကျိုးသက်ရောက်မှုများရှိခဲ့သည်။ ထို့ပြင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ လုပ်ဆောင်နိုင်ရန် ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ JICA၊ EU နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးတို့ ပူးပေါင်းကာ ဆန်းစစ်ချက် အစီရင်ခံစာကို ရေးဆွဲခဲ့သည်။

ထို့အပြင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ အီးယူ၊ JICA တို့မှ ပညာရှင်များနှင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များပါဝင်သော ပြန်လည်ထူထောင်ရေးဖိုရမ်ကိုလည်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ အောက်တိုဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့မီးရထား၊ တိုင်းနယ်မြေများ၌ ရထားလမ်းရေကြီးနစ်မြုပ်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၂**

မြန်မာ့မီးရထား၏ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ကောလင်း-ဝန်းသိုကြား မိုင်(၅၃၈/၂၂) မှ (၅၃၉/၁၀) အထိ သံလမ်းပေါ် တစ်ပေခန့် ရေကျော်နေသဖြင့် ပိတ်ထားခဲ့ရသော လမ်းပိုင်းအား ကောလင်း အင်ဂျင်နီယာနှင့်အဖွဲ့မှ စစ်ဆေးခဲ့ရာ သံလမ်းပေါ်ရေမရှိတော့ဘဲ သံလမ်းပေါ်သို့ လဲကျနေသော တစ်ပေပတ်လည် ပေါက်ပင်တစ်ပင်အား ရှင်းလင်းဖယ်ရှားခဲ့ပြီး အဆိုပါ လမ်းပိုင်းအား အောက်တိုဘာ ၁၀ ရက် ၇ နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးပြီး ဖြစ်ကြောင်း သိရသည်။

အလားတူပင် ဘုံချောင်း-နမ်းခမ်းကြား မိုင် (၅၆၂/၂-၃) တွင် အလျားပေ ၅၀၊ အနံ ၁၀ပေ၊ အမြင့်လေးပေ သံလမ်းပေါ်သို့ ကျောက်ရောမြေပြိုကျသဖြင့် လမ်းပိုင်းအား ပိတ်ထားခဲ့ရာ နဘားမှအင်ဂျင်နီယာနှင့် လုပ်သားများအဖွဲ့က ကျောက်ရောမြေများ ရှင်းလင်းဖယ်ရှားပြီး ၎င်းလမ်းပိုင်းအား အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ဆည်ရွာ-မဲဇာကြား မိုင် (၅၇၇/၁၇-၁၈)၊ (၅၈၀/၁၆) နှင့် (၅၈၀/၂၃) တို့တွင် သံလမ်းပေါ်သို့ ရေကျော်နေသဖြင့် ပိတ်ထားခဲ့ရသော လမ်းပိုင်းအား အင်းတော် အင်ဂျင်နီယာနှင့် လုပ်သားများအဖွဲ့က စစ်ဆေးဆောင်ရွက်ပြီးဖြစ်၍ အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

မဲဇာ-ဘုံချောင်းကြား မိုင် (၅၇၀/၁၄-၁၆) နှင့် (၅၇၄/၁၁) မှ (၅၇၃/၁၃)အထိ သံလမ်းပေါ်ရေကျော်နေသဖြင့် အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီတွင် ပိတ်ထားခဲ့ရသော လမ်းပိုင်းအား အင်းတော်အင်ဂျင်နီယာနှင့် လုပ်သားများအဖွဲ့က ရေပြန်ကျသွားပြီး လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပြီးနောက် အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ထို့အတူ ပခုက္ကူ- ကျောလမ်းပိုင်း၊ ကျောသာ- ခေါင်းပေါင်း ကြား မိုင် (၅၆၅/ ၈-၁၁) တွင် ကျောက်တုံးကြီး နှစ်တုံးနှင့် အလျား ပေ ၆၀၊ အနံ ခြောက်ပေ၊ အမြင့်သုံးပေ၊ ၁၀ ဒသမ ၈၀ ကျင်း မြေပြိုကျသဖြင့် လမ်းပိုင်းအား နံနက် ၇ နာရီခွဲတွင် ပိတ်ထားခဲ့ရပြီး ကျောသာအင်ဂျင်နီယာနှင့် လုပ်သားများအဖွဲ့က ဖယ်ရှားရှင်းလင်းခဲ့ကာ အဆိုပါ လမ်းပိုင်းအား မွန်းလွဲ ၁ နာရီတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ရန်ကုန် - မော်လမြိုင်လမ်းပိုင်း ကျိုက်ထိုဘူတာတွင် အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီက ရွှံ့စကြီးနှင့် ဘူတာကြား ရေမြောင်းနံရံပြိုကျမှုဖြစ်ပွားပြီး ယင်းဖြစ်ရပ်ကြောင့် ခရီးသည်နှင့် ဝန်ထမ်းထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

❖

# မဲဇလီကြိုးတံတား ပြင်ဆင်ပြီးဖြစ်၍ ယာဉ်များပုံမှန်သွားလာနိုင်

**ပွင့်ဖြူ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်မှ ပုသိမ်-မုံရွာလမ်းမိုင်(၂၉၆/၀)နှင့်(၂၉၆/၁)အကြားရှိ ပေ ၉၄၀ အရှည် မဲဇလီကြိုးတံတား၏ အပေါ်အောက် သံဆိုင်းကြိုးနံပါတ်-၇ လက်ယာဘက်ခြမ်းတွင် အရှည် ၁၃ ပေ တစ်ချောင်းပြတ်တောက်ခဲ့သဖြင့် ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုခဲ့ရာမှ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)က အောက်တိုဘာ ၈ ရက်တွင် သံဆိုင်းကြိုးအသစ် လဲလှယ်တပ်ဆင်ခဲ့ပြီးဖြစ်ရာ ယာဉ်များယခင်အတိုင်း ပြန်လည်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**



# ဆင်ပေါင်ဝဲမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေတိုက်စားခြင်းများ ဖြစ်ပွား

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၂**

ဆင်ပေါင်ဝဲမြို့နယ်တွင် အောက်တိုဘာ ၁၂ ရက် နံနက် ၂ နာရီ မှ ၅ နာရီထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇောင်ချမ်းတောင်ကျေးရွာအုပ်စု ချောင်းသာကျေးရွာတွင် အိမ်ခြေ ၆၅ လုံး ရှိသည့်အနက် အိမ်ခြေ ၃၅ လုံး ရေသုံးပေခန့် ရေလွှမ်းခဲ့သည်။ အိမ်ခြေ ၂၀ လုံးမှာ ကမ်းပါးအိပြို၍ချောင်းရေတိုက်စားပြီး အိမ်ခြေကိုးလုံးသာရေလွတ်ကျန်ရှိခဲ့သည်။ ရေလွှမ်းမိုးသည့် အိမ်ခြေ ၃၅ လုံးမှာ ယခုအခါ ရေကျသွားပြီဖြစ်၍ ရွှံ့ညွန်များ ဖယ်ရှားသန့်ရှင်းရေး ပြုလုပ်လျက်ရှိသည်။

အလားတူ စွယ်ကျိုးကျေးရွာတွင်လည်း (၃ x ၃) ပင်(သက်ငယ်မိုး၊ ထရံကာ) ကြမ်းခင်းအိမ်နှစ်လုံးတို့ ကမ်းပါးပြိုကျ၍ ချောင်းရေတိုက်စားပါသွားကြပြီး စည်တိုင်းကျေးရွာအုပ်စုတွင်လည်း စည်တိုင်း(ရွာမ) ကျေးရွာရှိ စေတီတစ်ဆူနှင့် စည်တိုင်း (မကြီးကုန်းလေး) ကျေးရွာတွင် နေအိမ်ခုနစ်လုံးတို့ ကမ်းပါးပြိုကျ၍ ချောင်းရေတိုက်စားပါသွားကြသည်။

ရေတိုက်စားပါသွားသည့် ချောင်းသာ ကျေးရွာမှ အိမ်ခြေ ၂၀ လုံး အိမ်ထောင်စု ၂၀ စု၊ စွယ်ကျိုးကျေးရွာမှ အိမ်ခြေနှစ်လုံး၊ အိမ်ထောင်စု နှစ်စု၊ မကြီးကုန်းလေးကျေးရွာမှ အိမ်ခြေခုနစ်လုံး၊ အိမ်ထောင်စုခုနစ်စုတို့အား နီးစပ်ရာ ဆွေမျိုးသားချင်းအိမ်များတွင် နေထိုင်နိုင်ရေး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများက ပို့ဆောင်ပေးကြပြီး အဆိုပါအိမ်ခြေ ၃၀၊ အိမ်ထောင်စု ၃၀ အတွက် ခုနစ်ရက်စာ စားသောက်နိုင်ရေး ဆန်နှင့် အခြားစားသောက်ဖွယ်ရာများအား မြို့နယ်အစီအစဉ်ဖြင့် ပေးပို့နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

အဆိုပါနေရာများသို့ ကျန်းမာရေး စောင့်ရှောက်မှုပြုလုပ်နိုင်ရန် မြို့နယ်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ် မွေး/ကုဦးစီးဌာနမှ တာဝန်ရှိသူများအား အမြန်ဆုံးသွားရောက်စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မကွေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး ကြက်ခြေနီအသင်းတို့မှ ထောက်ပံ့ရေးပစ္စည်းများ ရရှိရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဖြစ်စဉ်ကြောင့် စုစုပေါင်း အိမ်ခြေ ၃၀ ရေတိုက်စားခံရပြီး လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။

**(မြို့နယ်ပြန်/ဆက်)**

# ရေလီတာပေါင်း သန်း ၆၀ သန့်စင်နိုင်သော ရေသန့်စင်ဆေးပြားများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသော ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် ရေလီတာပေါင်း သန်း ၆၀ အထိ သန့်စင်ပေးနိုင်သော ယူရိုငွေ ၁၅၀၀၀ တန်ဖိုးခန့်ရှိ ရေသန့်စင်ဆေးပြားများကို ဘေယာထိုင်းဆေးဝါးဖြန့်ချိရေးလုပ်ငန်း မြန်မာပြည်ရုံးခွဲမှ ယူရိုငွေ ၁၀၀၀၀ အပါအဝင် စုစုပေါင်း ယူရိုငွေ ၂၅၀၀၀ တန်ဖိုးခန့် လှူဒါန်းခဲ့သည်။

ယခုကဲ့သို့ ရေလွှမ်းမိုးမှုကြုံတွေ့ရသောဒေသမှ ပြည်သူများအတွက် အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သော သန့်ရှင်းစိတ်ချရသည့် သောက်သုံးရေများ ရရှိရန်အတွက် ဘေယာ (Bayer) မှ လာရောက်လှူဒါန်းသည့်အတွက် အထူးပင်ဝမ်းသာပါကြောင်း၊ ရေသန့်စင်ဆေးပြားများ အပါအဝင် ယခုလို လှူဒါန်းမှုအတွက် (Bayer) ကုမ္ပဏီကို ကောင်းစွာအသိအမှတ်ပြုပါကြောင်း၊ ရေလွှမ်းမိုးမှုဖြစ်ပြီးနောက်ပိုင်း သုံးစွဲနေကျ ရေအရင်းအမြစ်မှရရှိသည့် သောက်သုံးရေများမှာ များသောအားဖြင့် အသုံးပြု၍မရကြောင်း၊ ရေလွှမ်းမိုးမှုခံခဲ့ရသည့် ရေဘူးများထဲတွင် ရောဂါပိုးမွှားများ ဝင်ရောက်နေနိုင်ကြောင်း၊ ရေသန့်စင်ဆေးပြားများကို အသုံးပြုခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောကဲ့သို့ ရောဂါများကိုဖြစ်ပွားစေသည့် ရောဂါပိုးမွှားများကို သေစေနိုင်ပြီး စိတ်ချရသည့်ရေကို ပြည်သူများ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေက ပြောကြားခဲ့သည်။



ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့သောဒေသများတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်နေသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်ကူညီခွင့်ရသည့်အတွက် ဘေယာ (Bayer)မှ များစွာဝမ်းသာအားရဖြစ်မိပါကြောင်း၊ အဆိုပါဒေသတွင် အခြေခံအဆောက်အအုံများနှင့် ရေအရင်းအမြစ်များဖြစ်သည့် ရေကန်များ၊ မြစ်ချောင်းများ ပျက်စီးသွားပြီဖြစ်သည့်အတွက် မိမိတို့၏ လှူဒါန်းမှုသည် ထိခိုက်ပျက်စီးသွားသော ဒေသများတွင်ရှိသည့် မိသားစုများအတွက် သန့်ရှင်းပြီး စိတ်ချရသည့်ရေကိုရရှိရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း Managing Director of Bayer Thai နှင့် North ASEAN CEO ဖြစ်သူ Mr.Kaikobad Mistry က ပြောကြားသည်။ **(ကြေးမုံ)**

# ကလေးဒေသတွင် မိုးရေချိန် လေးလက်မနီးပါးရွာသွန်းခဲ့သော်လည်း မြစ်သာမြစ်ရေ စိုးရိမ်ဖွယ်ရာမရှိ

ကလေး အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးဒေသတွင် အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် မိုးရေချိန် လေးလက်မနီးပါး ရွာသွန်းခဲ့မှုကြောင့် လမ်းပခုံးများနှင့် တံတားအချို့၏ ချဉ်းကပ်လမ်းများ ရေတိုက်စားခြင်း၊ မြစ်ကမ်းနှင့် ချောင်းကမ်းနံဘေးရှိ နေအိမ်အချို့ ပြောင်းရွှေ့ခဲ့ရသော်လည်း လူနှင့် တိရစ္ဆာန်များ အသက်အန္တရာယ်ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီ တိုင်းတာချက်အရ မြစ်သာမြစ်ရေသည် ကလေးမြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာကို ကျော်လွန်ပြီး ၁၀၈၃ စင်တီမီတာသို့ ဝင်ရောက်ခဲ့သော်လည်း စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပါက ကာကွယ်နိုင်ရန် ရေကင်းများချထား၍ စောင့်ကြည့်ခြင်း၊ အသက်ကယ်စက်လှေများဖြင့် အသင့်ပြင်ဆင်ထားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# သရက်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျေးရွာများ ရေလျှံမှုဖြစ်ပွား

သရက် အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း ပွန်းချောင်းရေလျှံမှုကြောင့် ရေဖြူ ရွာထောင်၊ တံခွန်တိုင်၊ အုပ်ဖိုကျွန်းကျေးရွာများအတွင်းသို့ ချောင်းရေလျှံမှုများဖြစ်ပွားခဲ့သည်။**(အောက်ပုံ)** ရေလျှံမှုဖြစ်ပွားသည့် ကျေးရွာများသို့ သရက်မြို့မရဲစခန်းမှုရဲတပ်ဖွဲ့ဝင် ၁၁ ဦး၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စမ်းအိုင့်ကျေးရွာမှ ကျေးလက်လူငယ် ၁၅ ဦး၊ တံခွန်တိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖများ၊ ကျေးရွာနေလူငယ် ၅၀ နှင့် အုတ်ဖိုလ်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် လူငယ် ၃၀ တို့က စုပေါင်း၍ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါရေဝင်ခဲ့သည့် ရွာထောင်ကျေးရွာမှအိမ်ထောင်စု ၂၈ စု လူဦးရေ ၁၀၀ ခန့်သည် မိမိတို့ကျေးရွာအတွင်းရှိ ဆွေမျိုးများအိမ်သို့ လည်းကောင်း၊ ရေဖြူကျေးရွာမှ ရေဝင်အိမ်ထောင်စုများမှ ရေကင်းလွတ်သည့် ဆွေမျိုးများအိမ်သို့ လည်းကောင်း၊ တံခွန်တိုင်ကျေးရွာမှ အိမ်ထောင်စု ၄၈ စုမှ လူဦးရေ ၁၅၉ ဦးသည် နီးစပ်ရာ ဆွေမျိုးများအိမ်သို့ လည်းကောင်း၊ အုတ်ဖိုလ်ကျေးရွာမှ အိမ်ထောင်စု ၂၅ စု၊ လူဦးရေ ၁၁၅ ဦးသည် ရေကင်းလွတ်သည့် အမက (၁၃) သို့လည်းကောင်း ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ လူနှင့် တိရစ္ဆာန်များ သေကျေပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# မိုးရေချိန် စံချိန်သစ်

နေပြည်တော် အောက်တိုဘာ ၁၂

၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီခွဲအချိန် တိုင်းတာချက်အရ အောက်ဖော်ပြပါစခန်း၌ အောက်တိုဘာလ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့သည်။

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မာန်အောင် | ၂၃၉ | ၉. ၄၁ | ၂၂၄ | ၈. ၈၂ | ၇. ၁၀. ၂၀၀၇ | ၄၃ |

# ဝန်းသိုမြို့တွင် မိုးများပြီး ရေလျှံခဲ့ရာမှ တင်ကျန်ခဲ့သော အမှိုက်နှင့် ဒိုက်ပုံများအား စုပေါင်းရှင်းလင်းဖယ်ရှား

ဝန်းသို အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ်တွင် အောက်တိုဘာ ၉ ရက်က မိုးသည်းထန်စွာရွာခဲ့မှုကြောင့် ဒေါင်းမြူးချောင်းရေလျှံကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေဝင်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၀ ရက် ရေကျချိန်၌ လမ်းများ၊ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများတွင် ရွံ့ညွန်နှင့် အမှိုက်ဒိုက်များတင်ကျန်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်းသိုပရဟိတလူငယ်အသင်းဝင်များ၊ ရပ်ကွက်လူပြည်သူများက စုပေါင်း၍ ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ကျွန်းလှမြို့နယ် ပြောင်သွယ်ချောင်းရေလျှံ၍ လမ်းတံတားနှင့် သီးနှံများ ပျက်စီး

ရွှေဘို အောက်တိုဘာ ၁၂

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည် အနောက်ခြမ်းတွင် မိုးရွာသွန်းမှုများပြား၍ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက ပြောင်သွယ်ချောင်းရေ တစ်ရှိန်ထိုးစီးဆင်းလာပြီး မော်ကယ်၊ သက္ကယ်ကျင်းနှင့် လိပ်ဆင်းတောင် ကျေးရွာအုပ်စုများအတွင်း ချောင်းရေလျှံ၍ ကျေးရွာများအတွင်းသို့ ရေဝင်ရောက်ခဲ့သည်။

အဆိုပါချောင်းရေတိုက်စားမှုကြောင့် ဝေလမှုကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာတို့ကို ဆက်သွယ်သော လမ်းပိုင်းတွင် တစ်မိုင်ခန့်နှင့် အရှည်ပေ ၅၀ ခန့် သစ်သားတံတားတစ်စင်းနှင့် ရေကျော်တစ်ခုပျက်စီးခဲ့ကြောင်း၊ ယင်းလမ်းပိုင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြုလုပ်ခဲ့ပြီး ဆည်အနောက်ခြမ်းတွင် အရေးပါသော လမ်းပိုင်းဖြစ်ကြောင်း၊ ဆိုင်ကယ်ဖြင့်သာ သွားလာနိုင်ပြီး တံတားပျက်စီးခဲ့၍ ဆိုင်ကယ်အထမ်းငှားရမှုမှာ ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။ ချောင်းရေဖုံးလွှမ်းသွားမှုကြောင့် မိုးစပါးနှင့် အခြားသီးနှံစိုက်ဧက အချို့ပျက်စီးခဲ့ရပြီး တိရစ္ဆာန်များ မျောပါပျောက်ဆုံးမှုများရှိကြောင်း၊ ယခု ချောင်းရေလျှံမှုမှာ နှစ်ပေါင်း ၂၀ ကျော်အတွင်း အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အရာတော်မြို့နယ် မူးမြစ်ကမ်းဘေးရှိ ကျေးရွာများတွင် မူးမြစ်ရေများဝင်ရောက်ပြီး မုံရွာ-ရွှေဘိုကားလမ်းမှ နေရာအချို့ရေကျော်

မုံရွာ အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် မူးမြစ်ကမ်းနံဘေးရှိ ကျေးရွာများဖြစ်သော ပေါက်ပင်ဆိပ်၊ ကူးတို့ကိုင်း၊ အောင်သာ၊ လက်ပံသာ နှင့် ဆင်တလည်ကျေးရွာများတွင် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းမှ စတင်ပြီး မူးမြစ်ရေများ ဝင်ရောက်ခဲ့သည်။

အဆိုပါရေကြီးရေလျှံမှုသည် အရာတော်မြို့နယ် မူးမြစ်ကမ်းဘေးရှိ ကျေးရွာများတွင် တတိယအကြိမ် ထပ်မံဖြစ်ပွားခြင်းဖြစ်ပြီး အရာတော်မြို့နယ် ကူးတို့ကိုင်းကျေးရွာအနီး ရွှေဘို-အရာတော်-မုံရွာကားလမ်းပေါ်ရှိ မူးမြစ်ကူး သမရိုးတံတား၏ စိုးရိမ်ရေမှတ်မှာ ၉၅ ပေဖြစ်ပြီး လက်ရှိရေအမှတ်မှာ ၉၂ ပေ ၆ လက်မသို့ ရောက်ရှိနေကြောင်း၊ ဇရစ်ရေကျော်တံတားခြောက်ခုဖြစ်သော အမှတ် ၁/၃၅၊ ၂/၃၅၊ ၃/၃၅၊ ၄/၃၅၊၅/၃၅၊ ၆/၃၅တို့မှာ ရေများ ဖြတ်ကျော်လျက်ရှိ၍ မုံရွာ-ရွှေဘို သွားလာနေသော မော်တော်ယာဉ်များ ခေတ္တရပ်နားထားရကြောင်း၊ မော်တော်ယာဉ်များ အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မင်းဘူးမြို့ ဆားပွက်ချောင်းရေကြီး၍ ကျေးရွာများသို့ ရေဝင်ရောက်

မင်းဘူး အောက်တိုဘာ ၁၂

မင်းဘူးမြို့တွင် အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆားပွက်ချောင်းရေများ မြင့်တက်ပြီး ည ၁၂ နာရီမှစ၍ ချောင်းအနီးရှိ ကျေးရွာများသို့ ရေဝင်ရောက်ခဲ့သည်။

ဆားပွက်ချောင်းအနီးရှိ ရေမြောက်၊ ချောင်ဖြူ ရေတွင်းကုန်းနှင့် ကျောက်တန်းကျေးရွာများတွင် အောက်တိုဘာ ၁၂ ရက် နံနက် ၂ နာရီမှစ၍ ချောင်းရေများ ရုတ်တရက် ဝင်ရောက်လာသဖြင့် ရေဘေးကင်းလွတ်ရာသို့ ခေတ္တပြောင်းရွှေ့ခဲ့ရသည်။

ကျောက်တန်းကျေးရွာတွင် လူနေအိမ်သုံးလုံးနှင့် နွားတစ်ကောင်၊ ဆိုင်ကယ်များနှင့် ပရိဘောဂပစ္စည်းများ မျောပါပျက်စီးဆုံးရှုံးခဲ့ပြီး စိုက်ပျိုးသီးနှံများလည်း ပျက်စီးခဲ့မှုဖြစ်ပွားခဲ့သည်။

ကျောက်တန်းကျေးရွာမှ ဦးနိုင်ဝင်းက "ဆားပွက်ချောင်းရေမကြီးတာ (၅၁) နှစ်ကြာပြီ။ အခုမှ အထက်ဘက်မှာရှိတဲ့ ချောင်းတွေ ရေကျလာလို့ တစ်ရှိန်ထိုးချောင်းရေကြီးလာတာ၊ မနက် ၂ နာရီက ချောင်းရေဝင်တယ်။ မနက် ၄ နာရီမှာ ချောင်းရေပြန်ကျသွားတယ်။ ရေတက်တာ ခဏပဲအချိန်ကြာတယ်။ ယာခင်းထဲက စိုက်ပျိုးသီးနှံတွေ အကုန်ပျက်စီးသွားတယ်။ ရေတင်စက်နဲ့ လယ်ယာသုံးစက်ပစ္စည်းကိရိယာတွေလည်း ချောင်းရေထဲ မျောပါသွားတယ်။ နွားတွေတော့ ကျောက်တန်းအနောက်ကျောင်း (မြဗောဓိကျောင်း)ဝင်းအတွင်း ရွှေ့ထားရတယ်"ဟု ပြောသည်။

အဆိုပါချောင်းရေကြီးမှုသည် အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီတွင် ပြန်လည်ကျဆင်းသွားခဲ့ကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**



# သဖန်းဆိပ်ရေလှောင်တမံမှ ရေထုတ်လွှတ်လျက်ရှိရာတွင် ရေလှောင်တမံကြံ့ခိုင်ကောင်းမွန်ပြီး တမံအောက်ဘက်ရှိဒေသများ စိုးရိမ်ဖွယ်ရာမရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

သဖန်းဆိပ်ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်တွင်တည်ဆောက်ထားပြီး ဘက်စုံအကျိုးပြုလျက်ရှိသည်။ မူးမြစ်မှစီးဝင်ရေကို ထိန်းညှိသိုလှောင်ပြီး တမံအောက်ဘက်ရှိ ကင်းတပ်ရေလွှဲတမံနှင့် ကာဘိုးရေလွှဲဆည်များသို့ ရေထိန်းညှိထုတ်လွှတ်ပေးကာ ဆည်ရေသောက်ဧရိယာ ဧက ငါးသိန်းခန့်ကို အကျိုးပြုလျက်ရှိသည်။

မူးမြစ်သည် ၂၈၅ မိုင်ခန့်ရှည်လျားပြီး ဧရာဝတီမြစ်၏ ကြီးမားသော မြစ်လက်တက်တစ်စင်းဖြစ်ကာ ရေဆင်းဧရိယာ စတုရန်းမိုင်ပေါင်း ၃၄၆၀ ခန့်ရှိသဖြင့် ရေဆင်းဧရိယာအတွင်းရှိ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းပါက စီးဝင်ရေများပြီး ရေလှောင်တမံအတွင်း ရေမှတ်များ အချိန်တိုအတွင်း မြင့်တက်လာလေ့ရှိသည်။

သဖန်းဆိပ်ရေလှောင်တမံ၏ ရေပြည့်မှတ်မှာ ၅၄၅ ပေဖြစ်ပြီး သိုလှောင်နိုင်သော ပမာဏမှာ ဧကပေ ၂၈၈၀၀၀၀ ဖြစ်သည်။ အောက်တိုဘာ ၇ ရက်မှ ၁၂ ရက်အထိ သဖန်းဆိပ်ရေဆင်းဧရိယာအတွင်းရှိ သဖန်းဆိပ်၊ ကောလင်း၊ ဝန်းသိုနှင့် ပင်လည်ဘူးမြို့နယ်များတွင် မိုးရေချိန်စုစုပေါင်း ၃၄ဒသမ ၄၈ လက်မ ရွာသွန်းခဲ့သဖြင့် တမံရေအမှတ်များ အချိန်တိုအတွင်း မြင့်တက်ခဲ့ရာ အောက်တိုဘာ ၁၁ ရက်တွင် တမံအတွင်း ရေပြည့်မှတ် ၅၄၅ ပေထက် ၃ဒသမ ၁ ပေကျော်လွန်၍ ၅၄၈ ဒသမ ၁၀ ပေသို့ ရောက်ရှိလာခဲ့သည်။

ထိုသို့တမံတွင်း ရေလှောင်ပမာဏမှာ ၃၁၉၁၆၁၄ ဧကပေ ရှိလာသဖြင့် သတ်မှတ်ရေလှောင်နိုင်သောပမာဏ ဧကပေ ၂၈၈၀၀၀၀ ထက် ၃ ဒသမ ၁ သိန်းဧကပေခန့် ကျော်လွန်ခဲ့သဖြင့် ရေတံခါးတပ် ရေပိုလွှဲမှ ၃ ဒသမ ၁ ပေခန့်နှင့် အကူရေပိုလွှဲမှ ၁ ဒသမ ၁ ပေခန့် ကျော်ကျခဲ့သည်။

ယခုအခါ မိုးဆက်လက်ရွာသွန်းလျက်ရှိသဖြင့် ရေလှောင်တမံအတွင်းသို့ ထပ်မံရေဝင်ရောက်လျက်ရှိရာ တမံကြံ့ခိုင်မှု ထိခိုက်မှုမရှိစေရန်အတွက် ရေတံခါးတပ် ရေပိုလွှဲမှရေများ ထိန်းညှိထုတ်လွှတ်ပေးလျက်ရှိသဖြင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ကန်တွင်းရေအမှတ်မှာ ၅၄၇ ဒသမ ၁၀ ပေ၊ သိုလှောင်ပမာဏမှာ ၃၁၅၆၇၄ ဧကပေသို့ပြန်လည်ကျဆင်းလျက်ရှိကြောင်း သဖန်းဆိပ်ရေလှောင်တမံ၏ ရေတံခါးတပ် ရေပိုလွှဲမှလည်း ၂ ဒသမ ၁ ပေနှင့် အကူရေပိုလွှဲမှလည်း သုည ဒသမ ၁ ပေသာ ရေကျော်ကျလျက်ရှိကြောင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် သဖန်းဆိပ်ရေလှောင်တမံ၏ ကြံ့ခိုင်မှုနှင့် လုံခြုံမှုအတွက်လည်းကောင်း၊ ရေလှောင်တမံအောက်ဘက်ရှိဒေသများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက်လည်းကောင်း အလေးထားပြီး အချိန်ပြည့် စောင့်ကြည့်စီမံဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ဖွယ်ရာမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

**✪ ကယားပြည်နယ်မှ**

အလက (လိုခါးလို)နှင့် အထက (မော်ချီး) စာသင်ကျောင်းများ ယာယီပိတ်ထားရကြောင်း၊ ဘော်လခဲခရိုင် ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့သည် ဖားဆောင်းမြို့နယ်တွင်းသို့ ရွှေ့ပြောင်းအခြေပြု၍ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးပြုလုပ်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတာဝန်များခွဲဝေသတ်မှတ်ပြီး ပြည်နယ်လူမှုရေးဝန်ကြီးနှင့် သစ်တောနှင့် သတ္တုတွင်းဝန်ကြီးတို့ ဦးဆောင်သောအဖွဲ့များသည် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ မော်ချီးဒေသသို့ သွားရောက်လျက်ရှိကြောင်းနှင့် ဘော်လခဲတပ်နယ်မှ စစ်ဗျူဟာမှူးနှင့် ဖားဆောင်းမြို့နယ်ရှိ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများသည် ဖားဆောင်း-မော်ချီးလမ်းကြောင်းတစ်လျှောက်တွင် မြေပြိုပြီး လမ်းပိတ်ဆို့မှုများကို ရှင်းလင်းလျက်ရှိကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း ရေကျော်ခဲ့ရာမှ ရေပြန်လည်ကျဆင်း

**ကျိုက်ထို အောက်တိုဘာ ၁၂**

ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၉၆/၄)နှင့် (၉၆/၅)အကြားတွင် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းမပေါ်တွင် အရှည်တစ်ဖာလုံခန့် ရေအမြင့် ၁၀ လက်မခန့် တက်ခဲ့သဖြင့် တာဝန်ရှိသူများက ယာဉ်ကြောတစ်ဖက်စီ ပိတ်၍ မော်တော်ယာဉ်သွားလာမှုကို ကြီးကြပ်ခဲ့ကြောင်း၊ ည ၁၀ နာရီတွင် ရေပြန်လည် ကျဆင်းခဲ့သဖြင့် ယာဉ်များ ယခင်အတိုင်း ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

## မိတ္ထီလာတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန်အရှေ့ဘက် မြေသားတာပေါင်တချို့ မိုးရေတိုက်စားခံရ

**မိတ္ထီလာ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိတ္ထီလာမြောက်ကန် ကန်ဦးထိပ်တွင် တည်ထားကိုးကွယ်သည့် ဓမ္မသုခရွှေစည်းခုံစေတီတော်ကုန်းတော်အရှေ့ဘက်မှ ကွန်ကရစ်ပြားတချို့နှင့် မိတ္ထီလာမြောက်ကန်အရှေ့ဘက် မြေသားတာပေါင်တချို့မှာ အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက မိုးရေတိုက်စားမှုဒဏ်ခံရကြောင်း သိရသည်။

"မိတ္ထီလာမှာ မိုးက နေ့စဉ်ရွာနေတာ လေးရက်နီးပါးရှိပြီ။ မိတ္ထီလာကန်ပေါင်ကို ဒီနေ့မနက် မိုးရေတိုက်စားလို့မြေပြိုကျတယ်ဆိုတာကြားလို့ လာကြည့်တာပါ။ ဓမ္မသုခရွှေစည်းခုံစေတီတော်ကုန်းတော်အရှေ့ဘက်မှာရှိတဲ့ မြေသားကိုကာရံထားတဲ့ ကွန်ကရစ်ပြားတချို့အတွင်းက မြေသားပြိုကျလို့ ပြုတ်ကျနေတာကိုတွေ့ရတယ်။ အဲဒီကွန်ကရစ်ပြား ပြုတ်ကျနေတဲ့နေရာကို လူ သုံး၊ လေးဦးနဲ့ ပြန်ဖို့ပြုပြင်နေတာ တွေ့တယ်။ ပြီးတော့ ဓမ္မသုခရွှေစည်းခုံစေတီတော်အနီးကနေ ကန်သာယာရပ်အထိ မိတ္ထီလာမြောက်ကန်အရှေ့ဘက် မြေသားတာပေါင်တချို့ မိုးရေတိုက်စားထားတာတွေ့ရတယ်။ တာပေါင်အောက်ဘက်မှာရှိတဲ့ ရေနုတ်မြောင်းထဲမှာလည်း မြေသားတာပေါင်က ပြိုကျတဲ့ မြေကြီးတွေ ပိတ်ဆို့တာတွေ့ရတယ်"ဟု ဈေးအရှေ့ပြင်ရပ်ကွက်မှ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

**(၅၇၉)**



**ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် ကျောင်းလမ်းရှိ ဟသ်ာတသုံးထပ်စာသင်တိုက်ကျောင်းနံရံဘေးရှိ သရက်ပင်မှာ အောက်တိုဘာ ၁၁ ရက် နံနက် ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ခါးလည်မှပြတ်ကျပြီး လျှပ်စစ်မီးကြိုးများပေါ်သို့ ကျရောက်နေသည်ကို တွေ့ရစဉ်။**
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## မိုးရွာသွန်းမှုကြောင့် ဝက်လက်မြို့နယ်အတွင်းရှိကျေးရွာများ မူးမြစ်ရေဝင်ရောက်၊ မုံရွာ- အရာတော်-ရွှေဘိုပြတ်လမ်း ခေတ္တပိတ်ထား

**ဝက်လက် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ဝက်လက်မြို့နယ် မူးမြစ်တစ်လျှောက် မြစ်ရေများမြင့်တက်လာ၍ ဝက်လက်မြို့နယ်အတွင်းရှိ စွယ်ကွေ့ကျေးရွာ၊ မူးကြီးကျေးရွာ၊ မူးကမ်းလေးကျေးရွာ၊ တည်တောကျေးရွာ၊ သမရိုးကျေးရွာ၊ ရွှေပန်းကုံးကျေးရွာ၊ လှတွေ၊ သရက်ချို၊ ကျောက်ကုန်း၊ မင်းကန်ကျေးရွာများ မြေနိမ့်ပိုင်းရှိနေအိမ်များတွင် ရေများစတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မူးမြစ်ရေမြင့်တက်မှုကြောင့် ဝက်လက်မြို့နယ် ရွှေပန်းကုန်းကျေးရွာနှင့် သမရိုးကျေးရွာကြားရှိ အချို့မြေနိမ့်ပိုင်းရေကျော်များသို့ အနည်းငယ်ရေကျော်လျက်ရှိပြီး အရာတော်မြို့နယ် ဇရစ်ကျေးရွာအနီးရှိ ရေကျော်တွင် ရေများစတင်ကျော်နေပြီဖြစ်သဖြင့် လမ်းပျက်စီးမှုမရှိစေရေးအတွက် ဝန်အပြည့်ပါသော ကားကြီးများကို အောက်တိုဘာ ၁၂ ရက် နံနက် ၇ နာရီမှစ၍ ဖြတ်သန်းသွားလာမှုမရှိစေရေး ခေတ္တလမ်းပိတ်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးရေတိုက်စားခြင်းကြောင့် ပျက်စီးသွားသည့်ကမ်းနားလမ်းကို တပ်မတော်သားများနှင့် ပြည်သူများစုပေါင်းပြုပြင်

**မော်လိုက် အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ မြို့မ(၁) အုပ်စုကျောင်းတောင်ရပ်ကွက် ချင်းတွင်းမော်ဧည့်ရိပ်မွန်ရှေ့ရှိ ကမ်းနားလမ်းသည် မိုးရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခဲ့သည်။

အဆိုပါ လမ်းပျက်စီးမှုကို မော်လိုက်ခရိုင်နှင့် နယ်မြေခံတပ်ရင်းသုံးရင်းမှ တပ်မတော်သားများ၊ မြို့နယ်ဆိပ်ကမ်း ကုန်တင်ကုန်ချအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ပြည်သူများစုပေါင်း၍ အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းမှစပြီး မြေထိန်းနံရံများပြုလုပ်ခြင်း၊ သဲအိတ်များချခြင်း၊ မြေဖို့ခြင်းများ ဆောင်ရွက်နေကြောင်းနှင့် မော်လိုက်မြို့နယ်တွင်းရှိ ရေနုတ်မြောင်းတို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပြန်လည်တူးဖော်ခြင်းကို အောက်တိုဘာ ၂ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မော်လိုက်သားလေး)**

ပြည်တွင်းရေးရာ

# ပြည်ထောင်စုဝန်ကြီး နေပြည်တော်ရှိဝန်ထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်များ၏ သန့်ရှင်းရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၂**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့် အပျိုဆောင်၊ လူပျိုဆောင်တို့သို့ သွားရောက်ကာ ဝန်ထမ်းအိမ်ရာများ၊ အပျိုဆောင်၊ လူပျိုဆောင်များ သန့်ရှင်းရေးနှင့်သီးပင်စားပင်၊ ရာသီပင်၊ နှစ်လတ်ပင်များ စိုက်ပျိုးတိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ထမ်းများအနေဖြင့် ကုသိုလ်စိတ်ထားရှိပြီး ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ဝန်ထမ်းစည်းကမ်းနှင့်အညီ ပြုမူနေထိုင်သွားကြရန်၊ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားရန်၊ နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှုများနှင့်အညီ နေထိုင်ပြုမူတတ်ရန်လိုကြောင်း၊ ပြည်သူလူထုနှင့် ရင်းနှီးပျူငှာစွာဆက်ဆံရန်နှင့် မိမိတို့၏ သားသမီးများကိုလည်း ယဉ်ကျေးလိမ္မာသည့် လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်၊ မီးဖိုချောင်စရိတ်သက်သာစေမည့် တစ်ပိုင်တစ်နိုင်သီးပင်၊ စားပင်များကို ကိုယ်ပိုင်စိုက်ခင်းဖြင့် ဖူလုံသည်အထိ စိုက်ပျိုးသွားကြရန်၊ ဝင်ငွေ၊ ထွက်ငွေမျှတအောင် ချွေတာသုံးစွဲပြီးစုဆောင်းရန်၊ အိမ်ရာပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရန်မှာကြားပြီး အိမ်ရာ သန့်ရှင်းရေးနှင့် သီးပင်၊ စားပင်များ စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။**(ယာပုံ)** **(သတင်းစဉ်)**

---

**ဘင်္ဂလားဒေ့ရှ်မှ**



အဆိုပါ အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အမှတ်(၁၇)နယ်ခြားစောင့်တပ် (BGB) (ကော့ဘဇား)မှ ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးအဆင့်ရှိ အမိရာန် အူလ္လာ ဆာရ်ကာရ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၁၉ ဦး၊ လေ့လာသူ ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်၊ ကော့ဘဇား နယ်မြေမှူး ဗိုလ်မှူးကြီးအဆင့်ရှိ MM အာနီဆူရာမာန်နှင့် အထူးကိုယ်စားလှယ်အဖြစ် ဒုက္ခသည်များ ကယ်ဆယ်ရေးနှင့် ပြန်လည်ပို့ဆောင်ရေး ကော်မရှင်နာမင်းကြီး(Refugees Relief and Repatriation Commissioner-RRRC) မစ္စတာ မိုဟာမက် ဂူလာဖ်ဖာရုတ် စုစုပေါင်း ၂၁ ဦး တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ မောင်တောခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် ဦးစီး ၁၈ ဦး၊ လေ့လာသူများအဖြစ် နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှ ဒုတိယ ကွပ်ကဲရေးမှူး ရဲမှူးကြီး မျိုးဆွေ၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ယာယီ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်တေဇ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က အမှတ်(၁၇)BGB ခေတ္တတပ်ရင်းမှူးထံသို့ လှေစီးရွှေ့ပြောင်းသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အမျိုးသား ၁၀၃ ဦးအား မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် လွှဲပြောင်းလက်ခံပြုလုပ်၍ လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် လှေစီးရွှေ့ပြောင်းသွားလာသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား အမျိုးသား ၁၀၃ ဦးအား တောင်ပြို(လက်ဝဲ)မြို့ နှစ်နိုင်ငံချစ်ကြည်ရေး တံတားမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မွန်းလွဲ ၂ နာရီတွင် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်းနှင့် ထိုကဲ့သို့ လှေစီးရွှေ့ပြောင်းသွားလာသူများ လွှဲပြောင်းခြင်းမှာ ဆဋ္ဌမအကြိမ်ဖြစ်ပြီး ယခုလွှဲပြောင်းပေးသည့် ၁၀၃ ဦးအပါအဝင် စုစုပေါင်း ၇၂၉ ဦး လွှဲပြောင်းပေးပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော SHELL MYANMAR ENERGY PTE LTD သည် တနင်္သာရီကမ်းလွန် ရေနက်ပိုင်း လုပ်ကွက်အမှတ်၊ MD-5 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် RV. POLARCUS AMANI ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၉ မိနစ် ၀၅ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၅၀ ဒသမ ၃၉ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၉ မိနစ် ၀၅ ဒသမ ၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၅၀ ဒသမ ၀၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၀ မိနစ် ၀၅ ဒသမ ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၅၀ ဒသမ ၀၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၀ မိနစ် ၀၅ ဒသမ ၇၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၆ မိနစ် ၅၀ ဒသမ ၄၅ စက္ကန့်အတွင်း ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တနင်္သာရီကမ်းလွန်ရေနက်ပိုင်း လုပ်ကွက်အမှတ်၊ MD-5 တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် RV. POLARCUS AMANI ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်ရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

---

# အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦး၏အမှုဖြစ်စဉ်အား လာမည့် ဒီဇင်ဘာ ၂၄ ရက်တွင် အပြီးသတ်စီရင်ချက်ချမည်

**ဘန်ကောက် အောက်တိုဘာ ၁၂**

ထိုင်းနိုင်ငံ တောင်ပိုင်း စူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) တွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဗြိတိန်နိုင်ငံသား နှစ်ဦးဖြစ်သော ကမ္ဘာလှည့်ခရီးသည် David Miller နှင့် Hannah Witheridge တို့နှစ်ဦး သေဆုံးမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ အစွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး၏အမှုဖြစ်စဉ်ကို လာမည့်ဒီဇင်ဘာ ၂၄ ရက်တွင် အပြီးသတ်စီရင်ချက်ချရန်ရှိကြောင်း မြန်မာသံရုံးမှ ဦးဆောင်ဖွဲ့စည်းပေးထားသည့် အထူးစုံစမ်းရေးကော်မတီမှ မြန်မာသံရုံးအထူးအဖွဲ့၏ ဥပဒေအကြံပေး ဦးအောင်မျိုးသန့်အား ဆက်သွယ်မေးမြန်းချက်အရ သိရသည်။

မြန်မာသံရုံးအထူးအဖွဲ့(၁)မှ အမှုလိုက်ရှေ့နေကြီး ဦးအောင်မျိုးသန့်က "ဒီအမှု အတွက် နောက်ဆုံးအမှုစစ်ထိုင်းရဲများက ပေါက်တူးနဲ့ခုတ်သတ်ပါတယ် ဆိုပြီးစွပ်စွဲခဲ့ကြတာပါ။ ပေါက်တူးကို လူသတ်လက်နက်အဖြစ် တရားရုံးတော်ကို သက်သေခံတင်ခဲ့ကြပါတယ်။ ဒီလူသတ်လက်နက်ကို DNA စစ်ဆေးတဲ့အခါမှာ အစွပ်စွဲခံထားကြရတဲ့ ကိုဝင်းဇော်ထွန်း (ခ) ဝေဖြိုးနှင့် ကိုဇော်လင်းတို့ရဲ့ DNA တွေဟာ တူညီခြင်း မရှိခဲ့ပါဘူး။ လူသတ်လက်နက်ဆိုပြီးထိုင်းရဲတပ်ဖွဲ့ဝင်တွေကဆိုတဲ့ပေါက်တူးရဲ့ အသွားဘက်မှာရှိတဲ့ DNA နှစ်မျိုးမှာဆိုရင်သေဆုံးသူ Hannah နှင့် David တို့ DNA တွေကိုစစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီလက်ကိုင်မှာက အခြားအမျိုးသား နှစ်ဦးရဲ့ DNA ကို စစ်ဆေးတွေ့ရှိခဲ့ရလို့ အဲဒီ တရားခံအစစ်ကို ရှာဖွေဖို့ဆိုတာက အမှုစစ်တာဝန်သာဖြစ်ပါတယ်။ မှန်ကန်စွာဆုံးဖြတ်လေ့ရှိတဲ့ ထိုင်းတရားစီရင်ရေးက ဥပဒေအရ ဆောင်ရွက်ပေးခဲ့ရင် အစွပ်စွဲခံရတဲ့ကလေးနှစ်ဦးဟာ အမှုကကွင်းလုံးကျွတ်လွတ်ပါလိမ့်မယ်" ဟု သုံးသပ်ပြောကြားသည်။

ဆက်လက်၍ "လူသိနည်းခဲ့တဲ့ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရဲ့အဆင့်ဆင့်ဆောင်ရွက်ပေးမှုဟာဆိုရင် အောက်တိုဘာ ၁၀ ရက်နဲ့ ၁၁ ရက် ရုံးချိန်းစစ်ဆေးမှုမှာပိုပြီးပေါ်လွင်ခဲ့ပါတယ်။ အောက်တိုဘာ ၁၁ ရက်မှာ ကိုဝင်းဇော်ထွန်း (ခ) ဝေဖြိုးကို စစ်ဆေးမေးမြန်းပါတယ်။ ထိုင်းနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်ခြင်းနှင့် ဆက်လက်နေထိုင်ခြင်း ပုဒ်မ(၂)ခုကို ၎င်းကိုယ်တိုင်က ဝန်ခံလိုက်ရပါတယ်။ ကျန်ငါးခုကိုတော့ အစွပ်စွဲခံ ကိုဝင်းဇော်ထွန်း (ခ) ဝေဖြိုးက ငြင်းဆိုခဲ့ပါတယ်။ စူရတ်ဌာနီရဲစခန်းမှာလည်း ညှဉ်းပန်းနှိပ်စက်မှုကြောင့် ဝန်ခံခဲ့ရပြီး အောက်တိုဘာ ၃ ရက်ကလည်း ရဟတ်ယာဉ်နဲ့ အခင်းဖြစ်ပွားရာ လိပ်ကျွန်းကိုသွားပြီး လက်တွေ့သရုပ် ပြခဲ့ရပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မည်သည့်နိုင်ငံမှာမဆို နိုင်ငံတော်သမ္မတ ကိုယ်စား မြန်မာသံရုံးဟာ လွန်စွာအရေးကြီးကြောင်းကို တရားခံနှစ်ဦးအတွက် ရုံးတော်က စစ်ဆေးမေးမြန်းချက်မှာ ပေါ်လွင်ထင်ရှားခဲ့ပါတယ်" ဟု ဆိုသည်။

အဆိုပါ အစွပ်စွဲခံရသူ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအား လူသတ်မှုဖြင့် လည်းကောင်း၊ မုဒိမ်းမှုဖြင့် လည်းကောင်း၊ ပူးပေါင်းကြံစည်မှုဖြင့် လည်းကောင်း၊ ညအချိန်ပစ္စည်းလုယူမှုဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်မှုဖြင့် လည်းကောင်း၊ သေဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ပြီးထိမ်ချန်မှုဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာပြီးဆက်လက်နေထိုင်မှုဖြင့်လည်းကောင်း အမှုပေါင်း ခုနစ်မှုဖြင့် တရားစွဲဆိုထားကြောင်း မြန်မာသံရုံးမှ ဦးဆောင်ဖွဲ့စည်းပေးထားသည့် အထူးစုံစမ်းရေးကော်မတီမှ စုံစမ်းသိရသည်။

**စိုးဝင်း(MLA)**

---

# ဒိုက်ဦးမြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု သင်တန်းဖွင့်

**ဒိုက်ဦး အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကောလိယခန်းမ၌ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်ပို့ချမှုသင်တန်းကိုကျင်းပရာ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ ပဲခူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲခရိုင်ရွေးကောက်ပွဲအရာရှိ ဦးမင်းသက်နောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးငွေလှိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီးနောက် ပဲခူးခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ခရိုင်ရွေးကောက်ပွဲအရာရှိက ဦးဆောင်၍ သင်တန်းပို့ချခဲ့ကြောင်းနှင့် သင်တန်းသူ သင်တန်းသား ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာ့ရုပ်ရှင်နေ့ဂုဏ်ပြု

# ပထမဦးဆုံးမြန်မာရုပ်ရှင်“မေတ္တာနှင့်သူရာ”

တင့်လွင်ဦး (စီးပွားရေး တက္ကသိုလ်)

**၁၈၈၆ ခုနှစ်တွင် အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်နှင့် ဥရောပနိုင်ငံများတွင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ် ရုံတင်ပြသခြင်းလုပ်ငန်းများ အောင်မြင်နေကြပြီ ဖြစ်သည်။ ယင်းနောက် ၃၄ နှစ်အကြာ ၁၉၂၀ ခုနှစ်တွင် မြန်မာရုပ်ရှင် စတင်ပေါ်ပေါက်လာသည်။ အလိုလိုတော့ ပဒေသာပင်မြေကမပေါက်၊ မြန်မာ့ရုပ်ရှင် ဖခင်ကြီးများဖြစ်ကြသော လန်ဒန်အတ် ဦးအုန်းမောင်၊ ကင်မရာမင်း ဦးမောင်မောင်နှင့် မင်းသား ဦးညီပုတို့၏ စွမ်းဆောင်ကြိုးပမ်းအားထုတ်မှုဖြင့် မြန်မာ့ရုပ်ရှင် ပေါ်ပေါက်လာရခြင်းဖြစ်သည်။**

ထိုစဉ်က မြန်မာနိုင်ငံသည် ကိုလိုနီလက်အောက်ခံသူ့ကျွန်ဘဝ။ အုပ်ချုပ်သူ အင်္ဂလိပ်အစိုးရတို့သည် သူ့နိုင်ငံ သူ့လူမျိုးမဟုတ်သည့်အတွက် မြန်မာ့ရုပ်ရှင်ပေါ်ပေါက်ရေးစိတ်မဝင်စား။ စိတ်ကူးပင်ရှိပုံမရ။ မျိုးချစ်စိတ်ဓာတ် ပြင်းပြသော မြန်မာ့ရုပ်ရှင်ဖခင်ကြီးများကလည်းအောက်ကျမခံ။ ဘယ်သူ့ကိုမှ မခ။ အများဖြစ်လျှင်ကိုယ်ဖြစ်ရမည်ဟူသော ဖွဲ့ဆန္ဒဖြင့် ကိုယ်ထူကိုယ်ထ ကြိုးစားခဲ့ကြသည့်အတွက် မြန်မာ့ရုပ်ရှင်ပီပြင်စွာ ပေါ်ထွက်ခဲ့ရာ ရုပ်ရှင်ဖခင်ကြီးတို့၏ ကျေးဇူးကား ကြီးမားလှပေသည်။

၁၉၀၁ ခုနှစ်မှ ၁၉၁၀ ခုနှစ်ကာလအတွင်း အနောက်နိုင်ငံများမှ နိုင်ငံခြားရုပ်ရှင်ကားများ မြန်မာပြည်တွင်းသို့ တဖွဲဖွဲဝင်ရောက်လာခဲ့ရာ ရုပ်ရှင်ဖခင်ကြီးများသည် ထိုနိုင်ငံခြားရုပ်ရှင်ကားများကိုကြည့်ပြီး အားကျသည်။ ကိုယ့်နိုင်ငံလည်း ရုပ်ရှင်ရိုက်ကူးထုတ်လုပ်သည့်အဆင့်သို့ ရောက်လိုလှသည်။ ထိုပြင်းပြသော စိတ်ဆန္ဒဖြင့် လက်လှမ်းမီသမျှ လေ့လာသည်။ စာအုပ်စာပေများဖတ်ရှုသည်။ ပြီးနောက် လိုအပ်သည့်ကင်မရာနှင့် ဆက်စပ်ပစ္စည်းများရှာဖွေစုဆောင်းပြီး စမ်းသပ်တီထွင်ကြတော့သည်။ (၁၀)နှစ်ဝန်းကျင်မျှ အချိန်ယူခဲ့ရပြီး အခက်အခဲအမျိုးမျိုးကို ကျော်ဖြတ်ကာ ရုပ်ရှင်အဖြစ်ဖန်တီးနိုင်ခြေရှိသည့် အချိန်၌ “မေတ္တာနှင့်သူရာ” ဇာတ်ကားကိုစတင် ရိုက်ကူးတော့သည်။ ထိုဇာတ်ကားမှာ နိုင်ငံကျော်စာရေးဆရာကြီး ပီမိုးနင်း၏ ဝတ္ထုဖြစ်ပြီး ဒါရိုက်တာ ဦးတုတ်ကြီးက ရုပ်ရှင်အဖြစ် အသွင်ပြောင်းရိုက်ကူးခဲ့သည်။ ထိုစဉ်က ရုပ်ရှင်ရိုက်လျှင် ဇာတ်ညွှန်းရေးရမှန်းမသိ။ သို့ဖြစ်၍ ဇာတ်ညွှန်းမရှိ။ မင်းသားကား ဦးညီပု(မြန်မာအဆွေ နောင်သော် အေဝမ်းကုမ္ပဏီ၊ ကုန်တိုက်သူဌေးကြီး ဦးဘညွန့်၏သား)၊ မင်းသမီးအဖြစ် ကြည့်မြင်တိုင်ဈေးကြီးမှ မအေးကြည်၊ ဇာတ်ပို့ ဇာတ်ရံအဖြစ်ပါဝင်သရုပ်ဆောင်ကြသူများမှာ မောင်မောင်ချစ်(မီးရထားဌာန၊ ဘောလုံးသမား)၊ မောင်မောင်ကလေး (နောင်သော်မင်းသား)၊ ကိုညိမ်း(လူကြမ်းဗိုလ်နဂါး)နှင့် ဦးပါကြီး(နောင်သော် ဒါရိုက်တာ)တို့ဖြစ်ကြသည်။

ထိုဇာတ်ကားရိုက်ကူးနေစဉ် ကျောင်းသားများဖြစ်ကြသော မောင်ညီပုနှင့် မောင်မောင်ချစ်တို့ အားလပ်သည့် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက်အရုဏ်တက် ၄ နာရီမှ စ၍ လူစုပြီး နွားလှည်းများပေါ်တွင် ရုပ်ရှင်စက်ပစ္စည်းများ၊ ထမင်းတောင်း၊ ဟင်းတောင်းများတင်ဆောင်ကာ ရုပ်ရှင်ရိုက်ထွက်ကြသည်။ အောက်ဒိုးအပြင်ခန်းများအတွက် ရွှေတိဂုံစေတီအရှေ့ဘက်၊ မြောက်ဘက်နှင့် အင်းယားကန်တစ်ဝိုက်တွင်လည်းကောင်း၊ ချုံကြို ချုံကြား သစ်ပင်အောက်များတွင်လည်းကောင်း ရိုက်ကူးကြသည်။ အင်ဒိုးအတွင်းခန်းများကိုမူ ဗဟန်းရပ်ရှိ မိတ်ဆွေတစ်ဦး၏ ခြံတွင်ဝါးလုံးတိုင်ထူ ပိတ်မိုးမှန်ထိုးကာ ရိုက်ကူးကြသည်။ ထိုစဉ်က ပါဝင်သရုပ်ဆောင်သူများအနေဖြင့် ရုပ်ရှင်နှင့်လိုက်ဖက်အောင် မိတ်ကပ်မည်သို့လိမ်းရမည်မှန်းမသိ။ ခေတ်အလိုက် လူကြိုက်များနေသည့် “အင်းစိန်ဖာရစီမရွှေမ” မျက်နှာချေကို သကြားရည်နှင့် ဖျော်လိမ်းကြသည်။ နှုတ်ခမ်းနီအတွက် တရုတ်အမွှေးတိုင်ထုပ်သော စက္ကူနီနှင့် နှုတ်ခမ်းကိုပွတ်လိမ်း၍ မျက်ခုံးမွေးအတွက် တရုတ်မင်တောင့်ခဲကို သွေးပြီး သွားပွတ်တံနှင့် ဆွဲခဲ့ကြသည်။ ဟန်ပန်အမူအရာများကို ဦးအုန်းမောင်၊ ဦးတုတ်ကြီး၊ ဦးပါကြီး တို့က သင်ပြပေးပြီး ဓာတ်ပုံအယူအဆအနေအထားကို ကင်မရာမင်း ဦးမောင်မောင်က တာဝန်ယူရသည်။ ရံဖန်ရံခါ သရုပ်ဆောင်များ အိုက်တင်လုပ်၍ အရှိန်ကောင်းနေဆဲ ဖလင်(ပေ၅၀) ကုန်သွားသဖြင့် မကြာခဏ ရပ်လိုက်ကြရသကဲ့သို့ ရိုက်ကောင်းနေဆဲ ကင်မရာမှန်ဘီလူး ပြုတ်ကြ၍ ငိုအားထက်ရယ်အားသန် ရပ်လိုက်ရသည့် အခက်အခဲများလည်း ကြုံကြရ၏။

ထိုဇာတ်ကားရိုက်ကူးနေစဉ် ရိုက်ကူးပြီးသမျှ ကျွဲကော်ဖလင်များကို ကူးဆေးစမ်းသပ်ကြည့်ရာ အဆင်မပြေ။ တုန်ခြင်း၊ မှုန်ခြင်း၊ ရုပ်ပုံများ မပီပြင်ခြင်းတို့ကြောင့် စိတ်ပျက်ပြီး ရုပ်ရှင်ရိုက်ကူးမှုကို ခေတ္တရပ်ထားလိုက်ကြသည်။ ပိုမိုအရည်အသွေးကောင်းမွန်သည့် စက်ပစ္စည်းများကို ထပ်မံရှာဖွေ စမ်းသပ်ကြပြန်သည်။ ထိုအတောအတွင်း ဘိလပ်ပါလီမန်သို့ သွားရောက်ပြီး ပြန်ရောက်သည်မှ မကြာမီကွယ်လွန်သွားသည့် မြန်မာကိုယ်စားလှယ် ဦးထွန်းရှိန် ဈာပနကိစ္စပေါ်ပေါက်လာရာ(၄-၆-၁၉၂၀)ရက်နေ့တွင် ထိုဈာပန အခမ်းအနားကို ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ကြပြန်သည်။ လန်ဒန်အတ် ဦးအုန်းမောင်သည် မြန်မာအဆွေဦးဘညွန့်၏ သားကြီး ဦးတင်နွယ်မောင်းနှင်သည့် မော်တော်ဆိုင်ကယ်ဘေးတွဲပေါ်မှ လည်းကောင်း၊ ဦးမောင်မောင်နှင့် ဦးညီပုတို့က မော်တော်ကားခေါင်မိုးပေါ်မှလည်းကောင်း ရုပ်ရှင်ကင်မရာတစ်လုံးစီဖြင့် အပြေးအလွှား ပင်ပန်းကြီးစွာ ရိုက်ကူးခဲ့ကြသည်။ ရိုက်ကူးပြီး ဖလင်များကို စစ်ဆေးကြည့်ရာ အလွန်ကောင်းမွန်ပြီး ရုံတင်ပြသနိုင်ခြေရှိသဖြင့် အဆိုပါဈာပနသတင်းကားကို “စီနီမာဒီပဲရစ်” ရုံတွင် အမေရိကန်ဇာတ်ကား ရှည်တစ်ကားနှင့် ပူးတွဲပြသခဲ့ရာ ပရိသတ်အကြိုက်တွေ့ပြီး ရုံပြည့်ရုံလျှံအားပေးခဲ့ကြသည်။

ထိုသတင်းကား အောင်မြင်သည်နှင့် အားတက်ကာ ရိုက်ကူးခြင်းရပ်ထားသော “မေတ္တာနှင့်သူရာ” ဇာတ်ကားကို အပြီးတိုင်ရိုက်ကူးပြီး ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် “ရိုင်ရယ်စီနီမာဒီပဲရစ်”ရုံ၌ စတင်ပြသခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ရုပ်ရှင်ဇာတ်ကားဖြစ်သည့်အတွက် လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်ကား ကြိတ်ကြိတ်တိုး ပွဲတော်ကြီးတစ်ခုပမာ ပြသသည့်ပွဲစဉ်တိုင်း ရုံဝင်လက်မှတ်များ ရောင်းမလောက်။ ရုံပြည့်ရုံလျှံထွက်သည့်အပြင် ထိုင်စရာခုံမရှိတော့သည့်အတွက် ပရိသတ်အချို့ ဇာတ်ကားအစမှအဆုံးတိုင် မတ်တတ်ရပ်ကြည့်ကြရသည်။

“မေတ္တာနှင့်သူရာ” ဇာတ်ကားသည် အသံတိတ် အင်္ဂလိပ်-မြန်မာနှစ်ဘာသာ စာတန်းထိုး ဇာတ်ကား။ စပြသည်နှင့် မြန်မာဘာသာဖြင့် “ဘားမားဖလင်” မှ ရိုက်ကူးသော “မေတ္တာနှင့်သူရာ” ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် “Burma Film Presents Love and Liquor”ဟူ၍လည်းကောင်း စာတန်းထိုးပြသသည်။ ဇာတ်ကား၏ နောက်ခံတီးလုံးမှာ သီးခြားစပ်ဆိုထားသော ဇာတ်ကွက်ဝင်သီချင်းများမရှိသေးသဖြင့် စန္ဒရားတစ်လုံးတည်းဖြင့်ပင် အငြိမ့်ဇာတ်သဘင်များတွင် တီးလေ့ရှိသော အပျိုတော်ခုနစ်သံချီ၊ သံမှန်ခြောက်ပေါက်၊ ငါးပေါက်စသော တီးလုံးများကို ဇာတ်ကွက်နှင့်အလိုက်သင့် တီးပေးကြရသည်။ ဇာတ်လမ်းအရ ပြေးခန်းလိုက်ခန်း၊ ထိုးကြိတ်သတ်ပုတ် အကြမ်းပတမ်းလှုပ်ရှားခန်းများအတွက် ဗိန်းဗောင်းနောင်ဂျိန်ဆိုင်းများ တီးရန် ဗုံ၊ စည်၊ ဘင်စသည့် တူရိယာပစ္စည်းများမရှိသောကြောင့် တီးလက်စတီးလုံးကိုသာ အရှိန်မပျက်ဆက်တီးကြသည်။ “မေတ္တာနှင့် သူရာ” ဇာတ်ကားတွင် အသုံးပြုရသော ရုပ်ရှင်ပေါ်ဦးစ ကျွဲကော်ဖလင်များမှာ ပုံရိပ်စွဲထင်နိုင်မှု ဆေးသားအင်အားနည်းပါးလှသည်။ ရိုက်ကူးရာတွင် ပါဝင်သူတို့၏ ပုံရိပ်များထင်ရှားပေါ်လွင်အောင် ရောင်ပြန်မှန်များဖြင့် ထိုးပေးရသည်ကို မသိရှိကြသေး။ သို့ဖြစ်၍ ရုံတင်ပြသောအခါ ပါဝင်သရုပ်ဆောင်သူများမှာ ကပ္ပလီများပမာ မည်းကြုတ်နေကြသည်။ သို့ဖြစ်လင့်ကစား ရုပ်ရှင်ကြည့်ပရိသတ်များက အပြစ်မမြင် မြန်မာအမျိုးသား အမျိုးသမီးသရုပ်ဆောင်တို့၏ ဇာတ်လမ်းအရလှုပ်ရှားမှုများကိုသာ စိတ်ဝင်စားပြီး တို့မြန်မာ့ရုပ်ရှင်ကားကွဆိုသော ဂုဏ်ယူဝင့်ကြွားသည့် စိတ်ဓာတ်ဖြင့် နှစ်ခြိုက်စွာ တစ်ခဲနက်အားပေးခဲ့ကြသည်။

ဇာတ်ကား၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များမှာ မြင့်မြတ်လေးနက်လှသည်။ ထေရဝါဒဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ မူးယစ်ဆေးဝါးအရက်သေစာသောက်စားခြင်းနှင့် လောင်းကစားခြင်းစသော ဒုစရိုက်မှုများကို ရှောင်ရှားရန် လွန်ခဲ့သော နှစ်ပေါင်း ၉၅ နှစ်ကပင် ရုပ်ရှင်ဖြင့် ပထမဆုံး ဦးဆောင်လမ်းညွှန်ပေးနိုင်ခဲ့ကြောင်း ဂုဏ်ယူမှတ်တမ်းတင်ကြရမည်ဖြစ်သည်။ ထို့ကြောင့်လည်း “မေတ္တာနှင့်သူရာ” ဇာတ်ကားပြသသည့် ဒုတိယပတ်တွင် ရန်ကုန်မြို့ “သုစရိတယုဝ” အသင်းရန်ပုံငွေအတွက် အလှူပွဲပြသပေးသည်။ ထိုပွဲနေ့ညနေ ၆ နာရီခွဲတွင် မြန်မာအမျိုးသားထဲမှ ပထမဦးဆုံး ဟိုက်ကုတ်တရားသူကြီးဖြစ်သူ “ဆာဦးခင်” ကြွရောက်ပြီး “မေတ္တာနှင့်သူရာ” ရုပ်ရှင်ဇာတ်ကားမှာ သေရည်သေရက်လူကိုဖျက်ဆီးတတ်ကြောင်း ပဲ့ပြင်ဆုံးမပေးသောကြောင့် တစ်ကြောင်း၊ စာရိတ္တပြုပြင်ရေးတွင် ရှေ့ဆောင်လမ်းပြပေးသည်က တစ်ကြောင်း၊ ထို့ကြောင့် ဇာတ်ကားရိုက်ကူးထုတ်လုပ်သူအား အသင်းကြီး၏ ကိုယ်စား ရွှေတံဆိပ်ဖြင့်ဂုဏ်ပြုချီးမြှင့်ပါကြောင်း ပြောကြားကာ “လန်ဒန်အတ် ဦးအုန်းမောင်”ကို ရွှေတံဆိပ်ချီးမြှင့်ခဲ့သည်။ ဦးအုန်းမောင်ကလည်း ရုပ်ရှင်ဖြင့် စီးပွားရှာရန်ရိုက်ကူးခဲ့ခြင်း မဟုတ်ကြောင်း၊ မည်သည့်လူမျိုးကိုမှ အောက်ကျမခံဘဲ မိမိတို့ကိုယ်ပိုင်အစွမ်းအစဖြင့် မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ဆောင်နိုင်ကြောင်းကို လက်တွေ့ပြလိုသည့်အတွက် ခက်ခက်ခဲခဲ အစပျိုးရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြားပြောဆိုသွားခဲ့သည်။

ယနေ့ မြန်မာ့ရုပ်ရှင်အစည်းအရုံးအမှုဆောင်သစ်များလက်ထက်တွင် “မေတ္တာနှင့်သူရာ” ရုပ်ရှင်ဇာတ်ကားပြသသည့် နေ့ကိုအစွဲပြု၍ ၂၀၁၃ ခုနှစ်မှစတင်ပြီး အောက်တိုဘာလ ၁၃ရက်နေ့ရောက်တိုင်း “မြန်မာ့ရုပ်ရှင်နေ့” အဖြစ် ဂုဏ်ပြုကျင်းပလေ့ရှိသည်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် ကြည်နူးဖွယ်ရာဖြစ်တော့သည်။ ။

## မြန်မာ့ရုပ်ရှင် တစ်ခေတ်ဆန်းစေဖို့

* ဇာတိပုညဂုဏ်မာနဖြင့်
သူ့ကျွန်ဘဝကို ထိုးဖောက်
အမျိုးဂုဏ်မြောက်စေရန်
လန်ဒန်အတ် ဦးအုန်းမောင်
ဦးမောင်မောင်၊ ဦးညီပု
လမ်းစပြုခရီးနှင်၊ မြင်သမျှအတုယူ
ကိုယ်ထူကိုယ်ထ၊ ဘယ်သူ့ကိုမှမခ
၁၉၂၀ မှစခဲ့တဲ့မြန်မာ့ရုပ်ရှင်

* ခရီးနှင်ထောက်မနား၊ ရာပြည့်ဆီသို့သွားဆဲ
အားခဲရင်းလျှောက်၊ ၉၅ နှစ်မြောက်ခဲ့ပြီ

* ပြည်သူ့အတွက် တင်ဆက်ခဲ့သမျှ
အချစ်၊ သဘာဝ၊ ဟာသနဲ့စစ်
ခေတ်မီအောင်လုပ်း ဇာတ်ကြမ်းအက်ရှင်
ရာဇဝင်၊ စုံထောက်၊ အံ့လောက်သည့်လက်ရာများ
မြန်မာတို့ နလုံးသား၌ စွဲငြိ၊ အထပ်ထပ်ကြည့်မဝ
ဤမှတစ်ဖန်
ကိုယ့်နိုင်ငံထွက် စိန်စီသည့်လက်များ
ထက်သလားပြချင်
မြန်မာ့ရုပ်ရှင်တစ်ခေတ်ဆန်းစေဖို့
ကမ္ဘာသိအောင်လုပ်းကြစို့။

(၁၃-၁၀-၂၀၁၅)ရက်နေ့တွင် ကျရောက်သော “မြန်မာ့ရုပ်ရှင်နေ့”ဂုဏ်ပြုအမှတ်တရ

.................................● တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

# ဒေသအသုံးအနှုန်းများဖြင့် စိတ်ဝင်စားဖွယ်ရာ မန္တလေး ကျွန်းတိုင်နီနီများဖြင့်ရေးသော ကမ္ပည်းတိုင်များ ယနေ့တိုင် လေ့လာနိုင်

**မန္တလေး အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံရှိ သမိုင်းဝင်မြို့အသီးသီးမှာ လေ့လာဖွယ်ရာ မကုန်နိုင်သော မြို့များအဖြစ် တင်စားနိုင်သည်။ မြို့တည် နန်းတည်ကို စနစ်ကျသလို လုပ်ကိုင်နည်းအဆင့်ဆင့်ကို ချိန်ကိုက်ဆောင်ရွက်တတ်သည်ကို လေ့လာနိုင်သည်။သင်္ကေတတစ်ခုစီတွင် အဓိပ္ပာယ်အသီးသီး ဆောင်နေပေသည်။စကားတစ်ခု၊ ပြာသာဒ်တစ်ခုမှအစ စိုက်ထူထားသော ဆိုင်းဘုတ်လှလှများသည်ပင် စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။ ထိုသို့သော စိတ်ဝင်စားဖွယ်ရာများစွာ ပြည့်နှက်နေသော မြို့တစ်မြို့ကိုပြပါဆိုလျှင် မန္တလေးမြို့ရှိ နန်းမြို့ကိုပြသရမည်ဖြစ်သည်။

မန္တလေး၏မြို့ကို မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုမြို့ဟု တင်စားထားသည်။ သွားလာမှုခရီးအကွာအဝေးကို ဒေသအသုံးအနှုန်းပြဟူသော အသုံးအနှုန်းကိုသုံးကာ တစ်ပြ၊ နှစ်ပြဟု ပြောဆိုသည်မှာ ချစ်စဖွယ်ပင်ဖြစ်သည်။ လေ့လာဖွယ်မကုန်သော မန္တလေးမြို့ရှိ နန်းမြို့တွင်းဝင်လိုက်သည်နှင့် ကျွန်းတိုင်ကြီးများဖြင့် စိုက်ထူထားသော ကမ္ပည်းမော်ကွန်းက စိတ်ဝင်စားဖွယ် ဆီးကြိုလျက်ရှိသည်။

မန္တလေးမြို့ရှိ နန်းမြို့မှာ ကျုံးပတ်လည်ကာရံထားပြီး လှပလျက်ရှိသည်။ နန်းမြို့ရိုးတံခါးများ၊ ပြာသာဒ်များမှာ ရှေးမူရှေးဟန်အတိုင်း လှပလျက်ရှိသည်။ နန်းမြို့တွင် မြို့တံခါး ၁၂ ရပ်နှင့်၊ ပြာသာဒ်များအစီအရီပြုလုပ်ထားသည်။ မြို့တော်လေးမျက်နှာ၊ ဓာတ်တံခါးလေးရပ်အတွက် ပြာသာဒ်ဘုံခုနစ်ဆင့်၊ မိတ်တံခါးရှစ်ရပ်မှာ ပြာသာဒ်ဘုံငါးဆင့်၊ ထောင့်ပြကြီးလေးခု၊ ပြငယ် ၃၂ ခုအတွက် ပြာသာဒ်ဘုံငါးဆင့်စီအဖြစ် သင်္ကေတခွဲထားလျက်ရှိသည်။ ပြာသာဒ်များကို သစ်ဓေးသားရိုး၊ ဟင်္သာပြဒါးရွှေချမွမ်းမံထားသည်။ မြို့ဝင်မြို့ထွက် တံခါး၁၂ရပ်ရှိရာ တစ်မျက်နှာလျှင် သုံးပေါက်စီထားရှိသည်။ အလယ်တံခါးမကြီးများကို ကျုံးကူးတံတားများဖြင့် ဆက်သွယ်တည်ဆောက်ထားသည်။

အလယ်တံခါးကို ဓာတ်တံခါး၊ဝဲတံခါးကို မိတ်တံခါးဟု သတ်မှတ်ထားသည်။ တံခါး ၁၂ ရပ်အမည်များမှာ လွန်ကဲတံခါး၊ ဦးထိပ်တံခါး၊ သောင်းညွတ်တံခါး၊ ကျွန်းလုံးယူတံခါး၊ ကျော်မိုးတံခါး၊ ရန်နှင်တံခါး၊ကြေးမုံတံခါး၊ စည်ရှည် တံခါး၊ ထင်ရှားတံခါး၊ စည်သာတံခါး၊ လေးသိန်းတံခါး၊ မန်းဦးတံခါးတို့ပင်ဖြစ်သည်။ ထူးခြားသည်မှာ တံခါး ၁၂ ခုအမည်ကို တံခါးပေါက်တစ်ခု၏ အဝင်မှကြည့်လျှင် လက်ဝဲဘက်၊ အထွက်မှကြည့်လျှင် လက်ယာဘက်နေရာတွင် ရှိသော မီးကာအုတ်တံတိုင်းကြီးအနီး၌ အုတ်ပုလ္လင်သုံးဆင့်ခံ၍ မော်ကွန်းစိုက်ထူသည်။ အုတ်ပုလ္လင်အဖြူလူနှစ်ဖက်ခန့်ရှိ ကျွန်းတိုင်းနီနီကြီးများ၏ ထိပ်ရှိ အနီခံမော်ကွန်းရွက်ပေါ်တွင် ရွှေစာလုံးဖြင့် ရေးသားထားသော သက္ကရာဇ် ၁၂၂၁ ခု ကဆုန်လပြည့်ကျော်(၆)ရက်နေ့ ညဉ့်သုံးချက်တီးကျော် ခုနစ်ရက် တနင်္လာနေ့ အဝင် လေးနာရီ အချိန်တည် ရတနာပုံ၏ ရွှေမြို့တော်၏ ဦးထိပ်တံခါး စသည်ဖြင့် ကမ္ပည်းမော်ကွန်းထိုးထားသည်ကို ယနေ့တိုင် စိတ်ဝင်စားဖွယ်လေ့လာတွေ့ရှိနိုင်သည်။

**(တိမ်တမန်)**

# ဒစ်စနေမင်းသမီးတစ်ဦးဖြစ်လာတဲ့ ဟာဝိုင်ရီကျွန်းသူလေး အာလီအီခရက်ဗဲလို

ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်မည့် ရုပ်ရှင်သစ် "Moana"တွင် ဇာတ်လိုက်မင်းသမီး မိုအာနာအဖြစ် အသံဖြင့်ပါဝင်သရုပ်ဆောင်ရန် ဟာဝိုင်ရီကျွန်းတွင် မွေးဖွားခဲ့သူတစ်ဦးဖြစ်သည့် အသက်(၁၄)နှစ်အရွယ် အာလီအီခရက်ဗဲလိုကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း အမ်တီဗွီနယူးစ်က ဖော်ပြခဲ့သည်။

အဆိုပါဇာတ်ကောင်နှင့်လိုက်ဖက်သည့်အသံရှင်ကို ရွေးချယ်ရာတွင် လာရောက် အရွေးချယ်ခံခဲ့သည့် အမျိုးသမီးငယ် ၄၀၀ အနက်မှ ခရက်ဗဲလိုကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းရုပ်ရှင်၏ ဒါရိုက်တာများဖြစ်ကြသည့် ရွန်ကလေးမန့်စ်နှင့် ဂျွန်မက်စ်ကာတို့က ပြောကြားခဲ့သည်။

ဟာဝိုင်ရီကျွန်းသူလေး ခရက်ဗဲလိုက "ကျွန်မကလေးဘဝကတည်းက ဒီနေ့အထိ ဒစ်စနေရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ခွင့်ရချင်ခဲ့တာ။ ဒစ်စနေမင်းသမီးလေးဖြစ်ချင်ခဲ့တာပါ။ အဲ့ဒီလိုသရုပ်ဆောင်ခွင့်ရတာကနေမှတစ်ဆင့် ရုပ်ရှင်မင်းသမီး၊ ဒါမှမဟုတ် ဒီဇိုင်နာကောင်းတစ်ယောက်ဖြစ်ချင်ခဲ့တာ"ဟု People မဂ္ဂဇင်းသို့ ရင်ဖွင့်ခဲ့သည်။

ဆက်လက်ပြီးသူက "မိုအာနာဟာ အံ့ဩဖွယ်ကောင်းတဲ့ ဇာတ်ကောင်တစ်ဦးပါ။ သူဟာ ရဲရင့်တယ်။ စွမ်းအားရှိတယ်။ သူဘာကိုလိုချင်တယ်ဆိုတာလည်း ကောင်းကောင်းသိတယ်။ သူလိုချင်တဲ့ အရာအတွက်လည်း ဘယ်လိုအခက်အခဲရှိရှိ ရင်ဆိုင်ဖို့အဆင်သင့်ပဲ။ ဘယ်တော့မှ ကြောက်ရွံ့နောက်ဆုတ်သွားခြင်းမျိုးမရှိဘူး။ ကျွန်မကိုယ်တိုင်ကလည်း ဒီရုပ်ရှင်တစ်လျှောက်မှာ သူရဲ့ ဘဝကိုဖြတ်သန်းသွားတဲ့ ပုံစံ၊ ကြီးပြင်းလာပုံနဲ့ သူ့လူမျိုးရဲ့ ယဉ်ကျေးမှု ဓလေ့စရိုက်တွေကို မပျောက်ပျက်ရလေအောင် သူကြိုးပမ်းခဲ့တာတွေကို ကြည့်ရတာ အလွန်နှစ်သက်မိတယ်"ဟု ဆိုခဲ့သည်။

ယခု ထုတ်လုပ်မည့်ရုပ်ရှင်တွင် မိုအာနာ၏ ပင်လယ်ခရီးကိုစွန့်စားသွားလာမှုများကို ကြည့်ရှုခံစားကြရမည်ဖြစ်သည်။ မိုအာနာသည်သူ၏ ဘိုးဘွားများ မသိနားမလည်နိုင်ခဲ့သည့်အရာများ၏ အဖြေကို ရှာဖွေရန် သူတို့နှင့် မျိုးနွယ်တူလူမျိုးများနေထိုင်ရာ ကျွန်းများဆီသို့ ရွက်လွှင့်ပြီး သူတို့၏ ရှေးကျသော ယဉ်ကျေးမှုဓလေ့စရိုက်များနှင့် သူတို့လူမျိုးများအား အခြားသောလူမျိုးများနှင့် မတူညီစေဘဲ သီးသန့်ကွဲပြားစေသည့်အရာများကို ရှာဖွေခဲ့ပုံများကို ဇာတ်လမ်းဖော် ရိုက်ကူးသွားမည် ဖြစ်ကြောင်း ဒါရိုက်တာဂျွန်မက်စ်ကာက ပြောကြားခဲ့သည်။

အဆိုပါရုပ်ရှင်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် စတင်ရုံတင်ပြသသွားနိုင်ရန် စီစဉ်ရိုက်ကူးလျက်ရှိကြောင်းလည်း သိရသည်။



# ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ ထုတ်လွှင့်ခြင်းကို ရပ်ဆိုင်းလိုက်သည့် ဂျပန်ရုပ်သံ

ဂျပန်နိုင်ငံ၏ ရုပ်သံလိုင်းတစ်ခုဖြစ်သည့် NHK က မိမိတို့ရုပ်သံလိုင်းအနေဖြင့် တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများထုတ်လွှင့်ခြင်းကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ကို အောက်တိုဘာ ၁၁ ရက်တွင် ဂျပန်မီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။

ထိုသို့တောင်ကိုရီးယားရုပ်ရှင်များထုတ်လွှင့်ခြင်းကို ရပ်နားလိုက်ရသည့် အကြောင်းအရင်းနှင့် ပတ်သက်၍မီဒီယာများက အမျိုးမျိုးဖော်ပြခဲ့ကြသည်။

NHK ရုပ်သံလိုင်း၏ မှတ်တမ်းများအရ ယင်းရုပ်သံလိုင်းမှ ၂၀၀၃ ခုနှစ် ဧပြီလတွင် စတင်ကာ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ "Winter Sonata"(ဟေမန်ဆောင်းရဲ့ ချစ်သံစဉ်)ကို ထုတ်လွှင့်ခဲ့သည်။ သို့သော် "Empress Ki" ရုပ်ရှင်ထုတ်လွှင့်မှုအပြီးတွင် တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ ထုတ်လွှင့်ခြင်းကို ရပ်နားခဲ့ပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများ ထပ်မံထုတ်လွှင့်တော့မည်မဟုတ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းရုပ်သံဌာနမှ ကျွမ်းကျင်ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ ဂျပန်ပရိသတ်များအနေဖြင့် မကြာသေးမီက ထုတ်လွှင့်ခဲ့သော ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများသည် စံယူအားကျဖွယ်ရာအချစ်ဇာတ်လမ်းများမှ သွေဖည်လာခဲ့ပြီး ပထမဆုံးထုတ်လွှင့်ခဲ့သည့် ဟေမန်ဆောင်း၏ ချစ်သံစဉ်ရုပ်ရှင်မှ မင်းသားနှင့်မင်းသမီးတို့၏ အချစ်လောကလေးနက်မှုမရှိတော့သည်ကို ခံစားလာရသည့်အတွက် ရုပ်သံဇာတ်လမ်းတွဲများ ထုတ်လွှင့်ခြင်းကို ရပ်နားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။



**Winter Sonata မှ**
**ဘေယောင်ဂျွန်းနှင့် ချွာဂျီဝူး။**

ဂျပန်စာရေးဆရာတစ်ဦးကမူ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲအများစုတွင် လူငယ်သရုပ်ဆောင်များက ရေပန်းစားလာခဲ့ပြီး ယင်းလူငယ်သရုပ်ဆောင်များသည် ဂျပန်နိုင်ငံ၏ ရုပ်ရှင်ပရိသတ်ဖြစ်သော အသက်အရွယ်ကြီးသူများနှင့် သဟဇာတမဖြစ်တော့ကြောင်း ရေးသားဖော်ပြခဲ့သည်။

# သရုပ်ဆောင်ကြေးထက် ဇာတ်လမ်းကိုပဲ ကြည့်ကာရွေးချယ်တဲ့ ကရန်နာကပူးလ်



ဘောလိဝုဒ်ကြယ်ပွင့် အိန္ဒိယရုပ်ရှင်မင်းသမီး ကရန်နာကပူးလ်က မိမိအနေဖြင့် ရုပ်ရှင်တစ်ခုကို လက်ခံရိုက်ကူးပေးရန်စဉ်းစားသည့်အခါတွင် အဆိုပါရုပ်ရှင်အတွက် မိမိရရှိမည့်သရုပ်ဆောင်ကြေးထက် ရုပ်ရှင်၏ဇာတ်အိမ်တည်ဆောက်ပုံနှင့် မိမိပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ကောင်၏ ဓလေ့စရိုက်တို့ကိုသာ ကြည့်ပြီးရွေးချယ်လေ့ရှိကြောင်း ပြောကြားခဲ့သည်။

လတ်တလောတွင် ဘောလိဝုဒ် ရုပ်ရှင်လောကရှိ မင်းသမီးများအနေဖြင့် သရုပ်ဆောင်ကြေးနှင့် ပတ်သက်၍ ထိုက်သင့်သလောက်မရရှိဟုဆိုကာ မကြာခဏပြဿနာများဖြစ်လေ့ရှိသော်လည်း သူ့အနေဖြင့်မူ သရုပ်ဆောင်ကြေးအနည်းအများသည် ပြဿနာမဟုတ်ကြောင်းနှင့် ကိုယ်နှစ်သက်သည့် ဇာတ်ကောင်တွင် ပါဝင်သရုပ်ဆောင်ရသည်ကသာ သူ့အတွက် စိတ်ချမ်းမြေ့ဖွယ်၊ ကျေနပ်ဖွယ် ဖြစ်ကြောင်း အသက် (၃၅)နှစ်အရွယ်မင်းသမီးက ဆိုခဲ့သည်။

ထို့ပြင် သူက အနုပညာခရီးတစ်လျှောက် သူပါဝင်သရုပ်ဆောင်ခဲ့သော ရုပ်ရှင်များတွင် သူ၏ဇာတ်ကောင်ရွေးချယ်ခြင်းနှင့်ပတ်သက်သည့်တိုးတက်မှုများကို အမြဲပြန်လည်သုံးသပ်လေ့လာလေ့ရှိကြောင်းလည်း မကြာသေးမီကပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

**အေးပြည့် - စုစည်းသည်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

**၁၃ - ၁၀ - ၂၀၁၅ (အင်္ဂါနေ့)**

### မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၀ "ဖူးမြော်စေချင်ထားဝယ်မြို့မှ ရှင်ကိုးရှင်"
- ၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၈း၃၅ "ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ်"
- ၁၁း၃၅ "ပြည်သူ့အကျိုးသယ်ပိုးမည့် One Stops Shop(OSS)" (မိတ္ထီလာမြို့နယ်)
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၁)
- ၁း၂၀ ဆိုကြမယ်၊ ပျော်ကြမယ်
- ၂း၃၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ ဂီတရိပ်သာ(အပိုင်း-၁၄၈)
- ၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၅း၁၅ "ပေါင်ချိန်တံဆိပ်တုံး"
- ၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၆း၂၀ ထိုင်းနိုင်ငံတွင်ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာ့လက်ရွေးစင်အသင်းနှင့် လာအိုလက်ရွေးစင်အသင်း)
- ၈း၃၅ ဆန္ဒတူညီမဲပေးကြမည် -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၂) -ပြည်သူ့နီတိ"မေတ္တာလက်ကမ်း"

### မြန်မာ့ရုပ်မြင်သံကြား Enetertainment Channel

- ၆း၀၀ အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ် ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ(အပိုင်း-၁၅၀)
- ၆း၂၀ "မဟော်သဓာ" (အပိုင်း-၂၀)
- ၆း၄၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇း၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မြင့်မိုရ်မေမေ" (အပိုင်း-၃၄) (ဇာတ်သိမ်း)
- ၈း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၁၂)
- ၈း၄၅ ဟိုးတုန်းက. . . ရေဒီယို အသံလွှင့်ဇာတ်လမ်းများ "ကိုးပွင့်ဖူးစာ" (ဇာတ်သိမ်း) (စောမြတ်နိုး၊ စောမင်းယျာ၊ သာဒိုးအောင်၊ ဧငြိမ်းဖြူ၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)
- ၉း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ချိုချိုဘဝခါးခါး" (မင်းမော်ကွန်း၊ သဇင်၊ စန္ဒီမြင့်လွင်) (ဒါရိုက်တာ-နေပိုင်)
- ၆း၁၅ ထိုင်းနိုင်ငံတွင်ကျင်းပမည့် (၂၀၁၈)ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (မြန်မာလက်ရွေးစင်အသင်းနှင့် လာအိုလက်ရွေးစင်အသင်း)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၅ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈း၃၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၀၀ တည်ဆောက်ပြုပြင်မြို့တော်တစ်ခွင်
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၁၅ သူတို့အကြောင်း
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၆၃)
- ၆း၃၅ Dream Team
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာရာထက်မင်း အပိုင်း(၂၄) - VOA အင်္ဂလိပ်စာသင်ခန်းစာ - ဟာသရုပ်စုံ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဓနတံတိုင်းရဲ့ တစ်ဖက်တစ်ချက် အပိုင်း(၂၂)

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၂)
- ၁၁း၀၅ သွားမယ်စားမယ် (Tom Yan Koong Hot Pot)
- ၁၁း၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၃) (ဒုတိယပိုင်း)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၇၀)
- ၁၂း၅၀ အန္တရာယ်ကြားမှ Taxi သမား (အပိုင်း-၃)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၈)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈၁)
- ၆း၁၀ Health Fix
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၉)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၃)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၇၁)
- ၁၀း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၅၀ MRTV-4 Stage
- ၁၁း၂၀ World of Knowledge (Locked Up Abroad Backstabbed In Thailand)
- ၁း၁၅ European Qualifiers Turkey Vs Iceland (LIVE)
- ၄း၃၀ အဘိုးအဘွားများ အေးချမ်းစွာနားခိုရာချမ်းမြေ့သာယာစံတော်သာ

# ယူရို ၂၀၁၆ ချန်ပီယံဘယ်သူဖြစ်မလဲ





ယူရို၂၀၁၆ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အသင်းတွေထဲက အခုဆို အိမ်ရှင်ပြင်သစ်အပါအဝင် ခြေစစ်ပွဲအောင်တဲ့အသင်း ၁၆ သင်းထွက်ပေါ်လာခဲ့ပြီဖြစ်ပါတယ်။ ဒီအသင်းတွေကတော့ ပြင်သစ်၊ အိုက်စလန်၊ ချက်၊ ဘယ်လ်ဂျီယံ၊ ဝေလ၊ စပိန်၊ ဂျာမနီ၊ ပိုလန်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ မြောက်အိုင်ယာလန်၊ ရိုမေးနီးယား၊ ဩစတြီးယား၊ အီတလီ၊ ပေါ်တူဂီ၊ အယ်လ်ဘေးနီးယားတို့ဖြစ်ပါတယ်။ နောက်ထပ် တိုက်ရိုက်ခြေစစ်ပွဲအောင်မယ့် အသင်းသုံးသင်းကို ထပ်မံမြင်တွေ့ကြရဦးမှာပါ။ သူတို့ကတော့ ရုရှား၊ နော်ဝေ၊ ဆလိုဗက်ကီးယားနဲ့ ယူကရိန်းတို့အသင်း လေးသင်းထဲကသာ ဖြစ်နိုင်ပါတယ်။

နောက်ထပ်ငါးနေရာအတွက်ကတော့ တတိယနေရာရရှိတဲ့အသင်းရှစ်သင်းက ထပ်ဆင့်ခြေစစ်ပွဲကစားပြီး ဝင်ရောက်ခွင့်ရရှိကြမှာဖြစ်ပါတယ်။ ဒီယူရို-၂၀၁၆ပြိုင်ပွဲမှာ အစဉ်အလာသိပ်မရှိကြတဲ့ အသင်းတွေဖြစ်တဲ့ အိုက်စလန်၊ မြောက်အိုင်ယာလန်၊ ဩစတြီးယား၊ဝေလနဲ့ အယ်လ်ဘေးနီးယားတို့လည်းပါဝင်ခဲ့တာကြောင့် ဥရောပရဲ့ဘောလုံးတိုးတက်မှုချိန်ခွင်လျှာက ပြောင်းသွားတယ်လို့ ယူဆရတော့မှာပါ။

အရင်ကဆိုဥရောပရဲ့ ကြီးခြောက်ကြီးက အင်္ဂလန်၊ဂျာမနီ၊အီတလီ၊နယ်သာလန်၊စပိန်နဲ့ ပြင်သစ်ဆိုပြီး သတ်မှတ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ နယ်သာလန်က တတိယနေရာနဲ့ ထပ်ကျော့ခြေစစ်ပွဲအောင်ဖို့တောင်မလွယ်ကူတော့ဘဲ တူရကီကို နေရာဖယ်ပေးရတော့မယ့်အနေအထားပါ။

ဒါ့အပြင် နောက်ထပ်ခြေစစ်ပွဲအောင်ဖို့အလားအလာရှိနေတဲ့အသင်းတွေကလည်း တူရကီ၊ ဘော့စနီးယား၊ ဟန်ဂေရီတို့လို ခြေစွမ်းအလယ်အလတ်သာ ရှိတဲ့အသင်းတွေဖြစ်တာကြောင့် လာမယ့် ယူရို-၂၀၁၆ဟာ အရင်၁၆သင်းပတ်လည်ယူရိုပြိုင်ပွဲတွေထက်ဆို အုပ်စုပိုချောင်တယ်လို့ အထင်ရှိနိုင်ပေမယ့် ဗိုလ်စွဲဖို့ ပိုပြီးခက်ခဲမယ့်အနေအထားပါ။ ဒီပြိုင်ပွဲမှာ ၂၀၀၄က ဂရိဗိုလ်စွဲခဲ့သလိုမျိုး အလယ်အလတ်ခြေစွမ်းရှိတဲ့အသင်းကလည်း ချန်ပီယံဖြစ်နိုင်မယ့်အနေအထားတွေကို တွေ့နေရပါတယ်။ လောလောဆယ်ခြေစစ်ပွဲအောင်တဲ့အသင်းတွေထဲမှာ အင်္ဂလန်တစ်သင်းသာ ရာနှုန်းပြည့်နိုင်ပွဲဆက်နေပြီးကျန်တဲ့အသင်းတွေကတော့ ခြေစွမ်းအတက်အကျမမှန်ပါဘူး။ ဒီထဲမှာကမ္ဘာ့ချန်ပီယံအဖြစ်အောင်ပွဲခံခဲ့တဲ့ ဂျာမနီတောင်ပါပြီး အိမ်ရှင်ပြင်သစ်ကလည်း အရင်ကခြေစမ်းပွဲတွေမှာ ရလဒ်မကောင်းခဲ့ပေမယ့် မန်ယူက မာရှယ်လ်ကို ရွေးချယ်ပြီးနောက်ပိုင်း တောင်ပံတိုက်စစ်ပိုပြီးကောင်းလာတာကို သတိပြုရပါမယ်။ ဒါပေမယ့် ခြေစစ်ပွဲကစားခဲ့တဲ့ခြေစွမ်းတွေအရ ချန်ပီယံခြေစွမ်းကို အခုထိ စပိန်၊ အင်္ဂလန်နှစ်သင်းမှာ ပဲတွေ့မြင်ရတယ်လို့ သုံးသပ်နိုင်ပေမယ့် အင်္ဂလန်က တကယ့်ပြိုင်ပွဲကြီးတွေမှာဆို မြင်းကောင်းခွာလိပ်ဖြစ်တတ်တာကြောင့် ဗိုလ်စွဲဖို့တော့ အလားအလာနည်းတယ်လို့ ဆိုရပါမယ်။

(မေလဲ့သင်း)

## နယူးကာဆယ်ဂိုးသမား တင်ခရူးလ် ရာသီကုန်အထိ အနားယူရမည်

ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းမှ ဂိုးသမား တင်ခရူးလ်သည် ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

ဂိုးသမားတင်ခရူးလ်သည် အောက်တိုဘာ ၁၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကာဇက်စတန်အသင်းအား နယ်သာလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ယူရို ၂၀၁၆ ခြေစစ်ပွဲတွင် ညာဘက်ဒူးအရွတ် ပြင်းထန်စွာဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အသက်(၂၇)နှစ်အရွယ်ရှိ နယ်သာလန်နှင့် နယူးကာဆယ်ဂိုးသမား တင်ခရူးလ်သည် နောက်ထပ် ဆေးဝါးကုသမှုများခံယူရန်အတွက် နယူးကာဆယ်အသင်းသို့ ပြန်လာလိမ့်မည်ဖြစ်ကြောင်း နယူးကာဆယ်အသင်းက ပြောကြားခဲ့သည်။

ဂိုးသမားတင်ခရူးလ်သည် ယခုနှစ်ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ရှစ်ပွဲအထိ ပါဝင်ကစားပေးခဲ့သော်လည်း နယူးကာဆယ်အသင်းမှာ လက်ရှိပွဲစဉ်(၈)ပြီးဆုံးချိန်အထိ နိုင်ပွဲတစ်ပွဲမျှရရှိထားခြင်းမရှိသေးဘဲ ပရီမီယာလိဂ် အမှတ်ပေးဇယား၏ အောက်ဆုံးတွင် ရပ်တည်လျက်ရှိကြောင်းသိရသည်။

လက်ရှိတွင် နယူးကာဆယ်အသင်းအနေဖြင့် ပထမဦးစားပေးအဖြစ် သတ်မှတ်ထားသည့် ဂိုးသမားတင်ခရူးလ်သည် ဒူးဒဏ်ရာရရှိခဲ့ရာ ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်သောကြောင့် လိဂ်တူးကလပ်ခရောလီတောင်းအသင်းသို့ အငှားချထားခဲ့သည့် အရန်ဂိုးသမား ဖရီဒီးဝုဒ်မန်းအားအသင်းသို့ ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

(ငွေကြယ်)

## တိုက်စစ်အခွင့်အရေးများ အပြည့်အဝအသုံးချရန်လိုအပ်နေသည့် ဂျာမနီ

ဂျာမနီအသင်းသည် ဂျော်ဂျီယာအား နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီးနောက် အုပ်စု(ဃ)တွင် ပိုလန်အသင်းနှင့်အတူခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း ဂျာမနီအနေဖြင့် ယခုထက်ပိုမိုပီပြင်သော အဆုံးသတ်ကောင်းမွန်မှုလိုအပ်နေသည်ဟု နောက်တန်းကစားသမား ဟမ်းမဲလ်က ဝေဖန်ခဲ့သည်။ ဂျာမနီသည် လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလက ကမ္ဘာ့တိုက်စစ်အကောင်းဆုံးအသင်းအဖြစ်ရပ်တည်နိုင်ခဲ့သော်လည်း ၂၀၁၄ ကမ္ဘာ့ချန်ပီယံဖြစ်ပြီးနောက်ပိုင်းခြေစွမ်းအနည်းငယ်ကျဆင်းလာခဲ့ကာ ပြီးခဲ့သည့် အောက်တိုဘာ၈ရက်က ယှဉ်ပြိုင်ခဲ့သော ယူရိုခြေစစ်ပွဲ၌လည်း အိုင်ယာလန်အား တစ်ဂိုး-ဂိုးမရှိဖြင့်အရေးနိမ့်ခဲ့ရာ ခြေစစ်ပွဲအောင်ရန် နောက်ဆုံးပွဲအထိရုန်းကန်ခဲ့ရသည်။

ဂျာမနီသည် ၂၀၁၄ ကမ္ဘာ့ဖလားတွင် ဘရာဇီးကဲ့သို့အသင်းမျိုးကို ခုနစ်ဂိုးအထိသွင်းယူနိုင်ခဲ့သော်လည်း လက်ရှိတွင်မူ မူလာနှင့် ဂေါ့ဇီတို့ဂိုးမသွင်းနိုင်လျှင်ရုန်းကန်နေရသော အနေအထားတွင်ရှိနေသည်။ ယခင်က ဂျာမနီတွင် ကလိုဆေး၊ ဂိုးမက်စ်တို့မှာ ဗဟိုတိုက်စစ်မှူးအဖြစ် ပီပီပြင်ပြင်ကစားနိုင်ကြပြီး လက်ရှိတွင် တိုက်စစ်မှူးစစ်စစ်အနေဖြင့် ကစားနိုင်သော ကစားသမားရှားပါးနေရာ ဂိုးရရန်တောင်ပံတိုက်စစ်သမားများကိုသာ အားကိုးနေရသော အနေအထားတွင်ရှိသည်။ ကွင်းလယ်ကစားသမားအင်အားကောင်းမွန်သော ဂျာမနီမှာ ဘောလုံးပိုင်ဆိုင်မှု၊ကစားကွက်ပုံဖော်မှုတို့တွင် ပြိုင်ဘက်အသင်းကို သိသိသာသာအသာရအောင်ကစားနိုင်သော်လည်း အဆုံးသတ်ကောင်းမွန်သော တိုက်စစ်မှူးမရှိသဖြင့် သွင်းဂိုးတစ်ဂိုးရရန်ပင် ရုန်းကန်နေရသည်။

"တိုက်စစ်က ဒီထက်ပိုပြီး အဆုံးသတ်ကောင်းမွန်ဖို့လိုပါတယ်။ တိုက်စစ်ပီပြင်ရင် ပွဲတစ်ပွဲကို သက်သက်သာသာအနိုင်ယူနိုင်မှာပါ။ ဂျော်ဂျီယာက ကမ္ဘာ့အဆင့်သတ်မှတ်ချက်သိပ်မမြင့်ပေမယ့် နည်းစနစ်ကောင်းတဲ့အသင်းပါ။ ဒါကြောင့် ဥရောပဖလားတကယ်ဝင်ပြိုင်တဲ့အချိန်ကျရင် အခုထက်ပိုပြီး အဆုံးသတ်ကောင်းဖို့ လိုအပ်တာပေါ့" ဟု ဟမ်းမဲလ်က ပြောကြားခဲ့သည်။

(မေလဲ့သင်း)




### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၁/၂)၊ အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ အစိုးရမြေဧရိယာ ၁၂ ဒသမ ၅၃၄ ဧကတွင် အငှားအိမ်ရာတည်ဆောက်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးသော ခြောက်ခန်းတွဲလေးထပ်အဆောက်အအုံပုံစံကို မိမိတို့ တည်ဆောက်နိုင်သည့် PAE နှုန်းထားတင်ပြဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ အငှားအိမ်ရာဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်းအဆိုပြုလွှာ၊ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်လျက် ၃၀-၁၀-၂၀၁၅ရက် (သောကြာနေ့) ၁၆း၃၀နာရီနောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၂၃-၁၀-၂၀၁၅ရက် နောက်ဆုံးထားပြီး(ရုံးချိန်အတွင်း) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသောနည်းပညာ၊ စံချိန်စံညွှန်း ဈေးနှုန်းတို့နှင့် ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၆။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ စုံစမ်းကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**



### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၄) ရန်အောင်၊ သတ္တမတန်းတွင် ပညာသင်ကြားနေသော မောင်ဘိုဝင်း အလက(ခွဲ)၊ ဝါးရုံစုတွင် ပညာသင်ကြားနေသော ဒုတိယတန်းမှ မမေဇင်ဌေးတို့၏ ဖခင်အမည်မှန်မှာ ဦးဖိုးမို[၉/ပဘန(နိုင်)၁၄၂၁၃၀]ဖြစ်ပါကြောင်း။

**ဦးဖိုးမို**
**[၉/ပဘန(နိုင်)၁၄၂၁၃၀]**



### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ အထက(၄) ရန်အောင်၊ နဝမတန်းတွင် ပညာသင်ကြားနေသော မရွှေတင်၏ဖခင် အမည်မှန်မှာ ဦးမြင့်ရွှေ[၉/ပဘန(နိုင်) ၀၃၄၆၇၃]ဖြစ်ပါကြောင်း။

**ဦးမြင့်ရွှေ[၉/ပဘန(နိုင်)၀၃၄၆၇၃]**



**သွေးသည်အသက်**



### ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ရန်ကုန်-မန္တလေးအမြန်လမ်းရှိ ယာယီသန့်စင်ခန်းများအား မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ် ခေတ္တပိတ်ထားမည့်အကြောင်း ကြော်ငြာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ တင်ဒါစနစ်ဖြင့် ပေးအပ်ထားသော ရန်ကုန်-မန္တလေးအမြန်လမ်းမှ ယာယီ သန့်စင်ခန်း(၁၀)ခန်းအား ၁၃-၁၀-၂၀၁၅ရက်မှစ၍ အောက်ပါမိုင်တိုင်များအတိုင်း အစဉ်လိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ခေတ္တပိတ်ထားမည်ဖြစ်၍ နီးစပ်ရာ ယာဉ်ရပ်နားစခန်း အသီးသီးတွင် ရပ်နားသွားနိုင်ရန် အသိပေးကြော်ငြာအပ်ပါသည်။

(က) မိုင်တိုင်အမှတ် - (၇၆/၀) ယာယီသန့်စင်ခန်း (၂)ခု
(ခ) မိုင်တိုင်အမှတ် - (၁၅၈/၄) ယာယီသန့်စင်ခန်း (၂)ခု
(ဂ) မိုင်တိုင်အမှတ် - (၄၀/၁) ယာယီသန့်စင်ခန်း (၁)ခု
(ဃ) မိုင်တိုင်အမှတ် - (၂၄၃/၀) ယာယီသန့်စင်ခန်း (၂)ခု
(င) မိုင်တိုင်အမှတ် - (၃၁၇/၂) ယာယီသန့်စင်ခန်း (၂)ခု
(စ) မိုင်တိုင်အမှတ် - (၃၅၂/၂) ယာယီသန့်စင်ခန်း (၁)ခု

အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့
ဖုန်း-၀၆၇-၈၁၀၀၁၄၆



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

သီဆို၍ကောင်းတုန်း အကူအညီတောင်းလျှင် မော်တာ ထပစ်ကြပြန်သည်။ စနိုက်ပါ လာလျှင် တပ်ဖျောက် တပ်ဖြန့် တိုက်ပွဲဝင်ကြပြန်သည်။

လွမ်းဖွယ်သော မဟာနွေဦးပင်တကား။

နှင်းတို့ဝေသော တစ်နံနက်ခင်းတွင် မြေပြင်ကို ပေရှက်၊ လုံ့စွပ်ကို ကညစ်အဖြစ် သုံးကာ ကိုလေးမောင်သည် သူငယ်ချင်းများ၏ ဇာတာတို့ကို စစ်၍ ဟောကိန်းထုတ်၏။

"ဟေ့ကောင်. . . မောင်စော၊ မင်းက မိန်းမကြိုက် ဇာတာရှင်ပဲ၊ မိန်းမတွေ ဝိုင်းကြိုက်လိမ့်မယ်၊ အထူးသဖြင့် ချမ်းသာတဲ့ မိန်းမတွေ ဝိုင်းကြိုက်လိမ့်မယ်၊ ဒါပေမယ့် မင်းက မချမ်းသာဘဲ သစ္စာရှိတဲ့ မိန်းမနဲ့ ရမယ်၊ အဲဒီ မိန်းမက မင်းညီမလေးအရွယ် ခပ်ငယ်ငယ် ဖြစ်ရမယ်"

ကိုမြင့်သောင်းက သူ့ရင်ဘတ်သူ ဖိပြီး ပြော၏။

"ကျွန်တော့်ဇာတာလေးကကော ခင်ဗျား"

ကိုလေးမောင်က လုံ့စွပ်နှင့် မြေဝယ် ဟိုခြစ် သည်ခြစ် လုပ်ပြီး ဟော၏။

"မောင်ရင့် ပထဏီအိမ်ရာ ရာဟု ရှိတယ်၊ အိမ်ထောင်နှစ်ဆက်ရမယ့်ကိန်း မြင်နေတယ်၊ ပထမမိန်းမနဲ့ ကွဲရမယ်"

'ဒါဖြင့် ဒုတိယမိန်းမနဲ့ကော"

"အဲဒါတော့ ဗေဒင်ဆရာ မမြင်ဘူး"

ကိုမြင့်သောင်းသည်- "ကောင်းကွာ" ဟု ဆို၍ သူ့နဖူးသူ ရိုက်သည်။

ကိုလေးမောင်က သက်ခိုင်ကို လှမ်းကြည့်သည်။

သက်ခိုင်က နေရာမှ ထလိုက်၏။

"ကိုလေးရေ. . ကျွန်တော့်အတွက် ဗေဒင် မဟောနဲ့၊ ကျွန်တော့်ဘဝ ကျွန်တော် သိပြီးပြီ"

သက်ခိုင်က နေရာမှ ခွာသည်။ ဤသည့်တိုင်အောင် ကိုလေးမောင်က လှမ်းအော်၍ ဟောဖြစ်အောင် ဟောလိုက်သည်။

"ခင်ဗျားကတော့ အချစ်နဲ့ လွဲလိမ့်မယ်ဗျို့"

ကျန်သူငယ်ချင်းများက ဝိုင်းရယ်ကြသည်။

သို့ရာတွင် ကျည်ဆန်များ ပျံ့ဝဲလွင့်လာသောကြောင့် အားလုံး ကတုတ်ကျင်းများဆီ ပြေးခဲ့ကြရ၏။

ထိုနေ့ နေ့လယ်ပိုင်းတွင် တပ်ရင်းမှ စာများ ရောက်လာကြ၏။

ထူးထူးဆန်းဆန်း သက်ခိုင်အတွက် စာတစ်စောင် ပါလာသည်။

စာလာပေးသူ တပ်ကြပ်ကလေး သန်းညွန့်က ရှင်းပြ၏။

"ကိုတင်မောင်းစိုး ဆိုတဲ့ ဘိုကပြားလို လူတစ်ယောက်က တပ်ခွဲကို လာပေးသွားတာပဲ၊ တပ်ခွဲကနေ တပ်ရင်းရောက်လာတယ်"

သက်ခိုင်သည် စာကို အလျင်အမြန် ဖွင့်ဖောက်ကြည့်သည်။

စာအိတ်တွင်း၌ စာနှင့်စောင် ပါသည်။

တစ်စောင်ကား. . . တင်မောင်းစိုးထံမှ ဖြစ်၏။

'သူငယ်ချင်း သက်ခိုင်. . .

ငါ့အဖေ ဆုံးသွားလို့ အမေနဲ့နှမတွေကို အထက်တန်းစာရေးလုပ်ပြီး ကျွေးမွေးနေရတယ်၊ စစ်မြေဆီ မင်းတို့နဲ့ အတူမချီနိုင်လို့ ဝမ်းမနည်းတတ်တဲ့ ငါ ငိုချင်မိတယ်၊ အေးဝင်းလည်း ဒဏ်ရာရပြီး ဖျားပြန်လာလို့ ငါနဲ့ မောင်ရှိန်က ဆေးရုံတင်ပေးထားရတယ်၊ မောင်ရှိန်လည်း မီးရထားရုံးကြီးမှာ စာရေး ဝင်လုပ်နေတယ်၊ မင်းမှာ ငွေလိုရင် ပြောပါ၊ ငါနဲ့ မောင်ရှိန် ခွဲပြီး တတ်နိုင်သမျှ ထောက်ပံ့ပါ့မယ်၊ အေးလေ. . ဒါက တို့စေတနာပါ၊ ငါ စာတစ်စောင် ပူးတွဲထည့်ပေးလိုက်တယ်၊ မင်းမမန္တယ်ဆီက စာပဲ၊ မင်း ဘယ်ရောက်နေမှန်း မသိလို့ ငါ့ကို လာပေးတယ်၊ ငါကလည်း သူငယ်ချင်းကောင်းယောက်ဖပီပီ(မလေးနွယ်နဲ့ ငါ့ကို အထင်မလွဲနဲ့) အဲဒီစာ မင်းဆီ ရောက်အောင် ရှောင်တခင် ခွင့်နှစ်ရက်ယူပြီး ကြံဖန်ပို့လိုက်တယ်။

ငါရယ်. . မောင်ရှိန်ရယ်. . . အေးဝင်းရယ်က မင်းဘေးအန္တရာယ်အသွယ်သွယ်က ကင်းဝေးပြီး တို့နဲ့အတူ ပျော်ပျော်ပါးပါး ပြန်ဆုံတွေ့ပါစေလို့ (ဟိုအရင်တုန်းက နီးရက်နဲ့ ဝေးနေတဲ့) ဆူးလေစေတီတော်ကို ရှိခိုးရင်း ဆုတောင်းနေတယ်။

မင်းရဲ့ အချစ်ဆုံးသူငယ်ချင်းများအနက် တစ်ယောက်ဖြစ်ထသော ငါ. . .

**တင်မောင်းစိုး**

သက်ခိုင်သည် တင်မောင်းစိုး စာကို ဖတ်ရင်း ဝမ်းနည်းလွမ်းဆွတ်မိ၏။ တင်မောင်းစိုး ပူးတွဲပို့လိုက်သော စာကို ဖတ်ရပြန်သောအခါ မျက်ရည်ကျမိ၏။

'ချစ်လှစွာသော မမန္တယ်ရဲ့ မောင်. . .

မောင့်ကို မမန္တယ် လွမ်းတယ်၊ လွမ်းတယ် ဆိုမိလို့ မောင့်တာဝန်ကို အနှောင့်အယှက် ဖြစ်အောင် လုပ်တယ်လို့ အပြစ်တင်ရင် မမန္တယ် ဝမ်းနည်းစွာနဲ့ တောင်းပန်ပါရစေ. . .။

မမန္တယ်အနားမှာ မောင် မရှိမှ နှမတစ်ယောက်အနေနဲ့ မောင် တစ်ယောက်ရဲ့ အဓိပ္ပာယ်ကို မမန္တယ် သဘောပေါက်မိတယ် မောင်။

မောင့်ဆီကို မမန္တယ် ပြေးလာချင်မိတယ်။ အဲဒီလို ပြေးလာပြန်တော့လည်း မောင်ကထုံးစံအတိုင်း မျက်မှောင်ကြုတ်ပြီး မမန္တယ်ကို ဆီးဘုကြည့် ကြည့်ဦးမှာပဲ။

ဒါပေမယ့် မောင်ဘယ်မှာရှိနေမှန်း မမန္တယ် မသိပါဘူး မောင်၊မမန္တယ်ကသာ မောင့်ကို အမြဲ သတိရနေကြောင်း သိအောင် ဒီစာကို ရေးလိုက်ရတယ်။

သူတို့က (သူတို့ ဘယ်သူဆိုတာ မောင် သိပါတယ်) အစ်ကို ဘမြိုင်ကို ပြန်ခေါ်ထားတယ်၊ သူလည်း လာမှာပါပဲလေ။

မောင်ရေ. . . မောင်က ဆောင်းမကုန်သေးဘူးလို့ ဆိုတယ်၊ မမန္တယ်က နွေကိုမြင်နေတယ်၊ နွေကိုမြင်မှ မောင့်ကို မမန္တယ် ပိုလွမ်းတယ်။

ဒါပေမယ့်မောင်ပြန်မလာမချင်း မမန္တယ်ကတော့ ဆောင်းကို မကုန်စေဘူး မောင်၊ မောင့်အစ်မဖို့ မမန္တယ်မှာ မောင့်လိုပဲ သတ္တိရှိတယ်၊ မောင့်လိုပဲ ခေါင်းမာဝံ့ပါတယ်. . ။

မောင့်ကို မမန္တယ် မျှော်နေမယ် မောင်. . . မောင် ဘေးရန်အားလုံးက ကင်းပါစေ။ မောင့်အချစ်ဆုံး မမန္တယ်'

သက်ခိုင်သည် စာရွက်ကို ကိုင်ရင်း သစ်ပင်အောက်၌ ထိုင်လျက် ငေးနေမိ၏။

သူ့ရှေ့၌ တောင်ကုန်းမိုမိုတို့သည် အလှိုင်းလှိုင်း အရိုင်းရိုင်း ရှိနေသည်။

တောင်ကုန်းတို့ထက်မှ ပင်စုံသည် နွေ၏သနစ်ကို လှစ်ပြနေ၏။

ရွက်သစ် ဝေပြီးစ သရက်ပင်များက စိမ်းရင့်မှောင်နေ၏။ သစ်တိုပင်တို့၏ အရွက်များကား ပတ္တမြားရောင် နီဆင်ထားဆဲ ဖြစ်ကြ၏။ ကုက္ကိုနှင့် ညောင်တို့က ရွက်ဝါကို ခြွေဆဲတည်း။

အချို့အပင်တို့က အရိုးကဲ့ကဲ့။ အချို့အပင်တို့ထက် ပုရစ်နုညိုစ၊ အချို့အပင်တို့က ရွက်သစ်ဆင်ပြီးစ. . ။

နဘဲပင်တို့ ထိုးထိုးထောင်ထောင် ပေါက်နေသော မြေပြင်၌ ပတ္တမြားနှင့် ရွှေဝါရွက်တို့ ဖုံးလွှမ်းနေ၏။

ဥဩသံကိုတော့ မကြားရ၊ သေနတ်သံတို့ကြား ဥဩသည် ဘယ်ဆီသို့ ပြေးလေသည်မသိ။

အနောက်မှ ဖော့နင်းလာသော ခြေသံတို့ကြောင့် သက်ခိုင်က လှည့်ကြည့်လိုက်ရာ ရိုင်ဖယ်လွယ်လျက်နှင့် ကိုလှဖေကို တွေ့ရသည်။

"လာဗျာ. . . ကိုလှဖေ"

"ကဗျာဆရာ ငိုင်နေတယ် ထင်တာ၊ နားတော့ ပါးသားပဲ"

"စစ်မြေပြင်မှာ နားမပါးရင် အသေစောမှာပေါ့ ငလုံးရာ"

ကိုလှဖေသည် ဂင်တိုတို၊ ဗလကောင်းကောင်း ဖြစ်၍ သူ့ကိုယ်က လုံးလုံးကျစ်ကျစ် ရှိ၏။

လျှာက အပြားကြီးဖြင့် စကားမြန်မြန်ပြောလျှင် လုံးထွေးပြီး လူနားမလည်။ ဤနှစ်ချက်ကို ဂုဏ်ပြုပြီး သူငယ်ချင်းများက သူ့ကို ငလုံးဟု ခေါ်သည်။ ကိုမြင့်သောင်း ရှုနက်ဘွဲ့ ရသကဲ့သို့တည်း။

ကိုလှဖေက ရိုင်ဖယ်ကို ပေါင်ပေါ် ကန့်လန့်ဖြတ်တင်လျက် သက်ခိုင်ဘေးတွင် ဝင်ထိုင်၏။

"ဘယ်အဆက်ဆီက စာလာလို့ ဒီလာငိုင်နေတာလဲ"

"အဆက်ဆီက မဟုတ်ပါဘူး၊ မမန္တယ်ဆီကပါ၊ မယုံဖတ်ကြည့်လေ"

ကိုလှဖေက စာကို ယူဖတ်ကြည့်၏။ ဆုံးမှ သက်ခိုင်ကို ပြန်ပေးသည်။

တပ်ထဲ ရောက်ကတည်းက သက်ခိုင်နှင့် ကိုလှဖေသည် အစဉ်တွဲ၏။

ဘီအေအိုဒီ၌ ကင်းကျတိုင်း ကိုလေးမောင်နှင့် ကိုစောလွင်ကတစ်တွဲ၊ ကိုမြင့်သောင်းနှင့် ဝင်းမောင်(ပီတာ)က တစ်တွဲ၊ ကိုလှဖေနှင့်သက်ခိုင်က တစ်တွဲ။

တစ်ခါတစ်ရံ ညဥ့်ဦးပိုင်း၌ ကိုလှဖေ တာဝန်ယူသည်။ သန်းခေါင်မှ မိုးလင်းအထိ သက်ခိုင်က တာဝန်ကျသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**






# ဝဏ္ဏသိဒ္ဓိရပ်ကွက် မဲဆန္ဒရှင်များအားလုံး ဆန္ဒမဲအပြည့်အဝပေးနိုင်ရေးဆောင်ရွက်ထား၊ ပြည်သူများလည်း အကြံပြုနိုင်

**နေပြည်တော် အောက်တိုဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင်ကျရောက်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် ၃၂ရက်သာ လိုတော့သည်။ သို့ဖြစ်၍ နေပြည်တော်ကောင်စီနယ်မြေဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်သည် တိုက်အလုံးပေါင်း ၁၁၅ လုံးရှိပြီး နိုင်ငံ့ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိရာ အသက် (၁၈) နှစ်ပြည့်ပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၆၂၄၇ ဦးရှိကာ ယနေ့ထိ လျှောက်ထားသူဦးရေ ၄၅၀၀ ခန့်ရှိကြောင်းသိရသည်။

"ပုံစံ(၆၆/၆) နဲ့ လျှောက်ထားသူဦးရေ ၁၅၀၀ နဲ့ ပုံစံ ၃(က) နဲ့ လျှောက်ထားသူ ၃၀၀၀ရှိတယ်။ လာမယ့် အောက်တိုဘာ ၁၀ရက်မှာ ကျန်တဲ့ (၁၈) နှစ်ပြည့်ပြီး မဲဆန္ဒရှင်များအနေနဲ့ နောက်ဆုံးထားလျှောက်ထားရမှာဖြစ်လို့ ရပ်ကွက်ကော်မရှင်ရုံးရှေ့မှာကြေညာထားပါတယ်။ မဲရုံတည်နေရာကိုတော့ အထက(၁၁)ကျောင်းမှာကျင်းပမှာဖြစ်ပါတယ်"ဟုဝဏ္ဏသိဒ္ဓိရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယနေ့အထိ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးနိုင်ရေးအတွက်ပုံစံ(၁၅) ဖြင့်တောင်းဆိုသောပြည်တွင်းရှိသက် ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းတွင် မဲဆန္ဒရှင် ကိုးဦး အဆိုပါပုံစံ(၁၅) ဖြင့် တောင်း ဆိုသော သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံပြင်ပရှိ အစိုးရ၏ခွင့်ပြုချက်ဖြင့် ရောက်ရှိနေသော ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူစာရင်းတွင်မဲဆန္ဒရှင် သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်တွင် ရွေးချယ်ခံမည့် ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်တို့မှ ပါတီစုံ ကိုယ်စားလှယ် လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ အမည်စာရင်းကို ဝဏ္ဏသိဒ္ဓိရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြေညာထားရှိပုံနှင့် ပတ်သက်၍ ရပ်ကွက်နေပြည်သူများက ဤကဲ့သို့ အကြံပြုပြောကြားခဲ့သည်။

"မိမိတို့ဆန္ဒမဲပေးရမယ့် နယ်မြေဒေသမှာရှိတဲ့ အရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်လောင်းများရဲ့ အမည်စာရင်းကို ဓာတ်ပုံနဲ့တကွဖြစ်နိုင်ရင် ကိုယ်ရေးရာဇဝင်အကျဉ်းလေးရေးပြီး သိသာမြင်သာတဲ့နေရာမှာ ထင်ထင်ရှားရှားလေး ကြော်ငြာပေးထားဖို့ လိုပါတယ်။ ဒါမှသာ ဆန္ဒမဲပေးမဲ့ပြည်သူတွေကို မိမိဆန္ဒမဲပေးပြီးရွေးချယ်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့



အားနည်းချက်၊ အားသာချက်တွေကို ကြိုတင်လေ့လာသိရှိနိုင်မှာဖြစ် ပြီး မှန်မှန်ကန်ကန် ရွေးချယ်နိုင်မယ်ထင်ပါတယ်"ဟု ပြောဆိုကြသည်။

**သတင်းနှင့်ဓာတ်ပုံ–ကိုပေါက်(ဉတ္တရမြေ)၊သန်းနိုင်(ဇမ္ဗူသီရိ)**

(၅၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်ပတ်လည်ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ နောက်ဆုံးပတ်က ညောင်လေးပင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ သတင်းမီဒီယာများ၌ ရဲတပ်ဖွဲ့၏မှုခင်းများနှင့် အခြားအကျိုးပြုဆောင်ရွက်မှု သတင်းများ ရေးသားပေးခဲ့သော သတင်းထောက် ဦးနေလင်းအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီးမှ ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။

**(ကိုကိုရှပ)**



## မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များပညာပေးသင်တန်းဖွင့်

**ဟသ်ာတ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံ အသိပညာပေးဆင့်ပွားသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟသ်ာတခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကသင်တန်းဖွင့် အမှာစကားပြောကြားပြီးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဟသ်ာတခရိုင်တာဝန်ခံဦးမောင်မောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ယင်းနောက်သင်တန်းကို ဆက်လက်ကျင်းပသည်။

အဆိုပါသင်တန်းတွင် ဟသ်ာတခရိုင်(၆) မြို့နယ်မှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၄၉ ဦးအားတိုင်းဒေသကြီးနှင့်ခရိုင်ကော်မရှင် တာဝန်ရှိသူများက လုပ်ငန်းစဉ်ဆောင်ရွက်ပုံများကို (၂)ရက်ကြာသင်ကြား ပေးမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးလက်ဖွံ့ဖြိုးရေးစစ်ဆေး

**ချောင်းဆုံ အောက်တိုဘာ ၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ်အတွင်းတင်ဒါ အောင်မြင်သောကုမ္ပဏီများမှ ဆောင်ရွက်လျက်ရှိသောလမ်း၊ တံတား၊ တန်ဖိုးနည်းလုံးချင်းအိမ်ရာ၊ အများသုံးအိမ်သာ လုပ်ငန်းနှင့် ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုစက်တင်ဘာလ နောက်ဆုံးပတ်ကပြည်နယ်ညွှန်ကြားရေးမှူး ဦးဆောင်သောလုပ်ငန်း အရည်အသွေးစစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးသည်။

**မောင်သိန်း(ကျေးလက်)**

ရခိုင်အမျိုးသမီးအသင်း(ရန်ကုန်မြို့)
သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး
ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

ကျင်းပမည့်နေ့ ။ ။ ၂၂-၁၁-၂၀၁၅ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ မွန်းလွဲ ၁နာရီ
ကျင်းပမည့်နေရာ ။ ။ ညေဝတီသာသနာပြုကျောင်း၊ ဗဟန်းမြို့နယ်။

-အသက်(၇၅)နှစ်အထက် အသင်းနာယကကြီးများ၊ အမှုဆောင်များ၊ အသက်(၈၀)နှစ်အထက် အသင်းဝင် ရခိုင်အမျိုးသမီးကြီးများသည် အောက်ပါပုဂ္ဂိုလ်များထံတွင် အောက်တိုဘာလ ၃၀ရက် နောက်ဆုံးထား၍ မှတ်ပုံတင်မိတ္တူနှင့်အတူ စာရင်းပေးသွင်းနိုင်ပါသည်။

ဒေါ်သန်းသန်းအောင်(အထွေထွေအတွင်းရေးမှူး) ၀၉-၇၃၂၅၆၂၀၅
ဒေါ်စောစော(တွဲ-အတွင်းရေးမှူး) ၀၉-၄၃၀၁၄၃၇၆၁















# wyrawmoemjyEiaq;buynmwuov
# oiwe;omrm;tv&on

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့် နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၄-၁၁-၂၀၁၅ရက်နေ့တွင် ဖြေဆို ကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၃-၁၂-၂၀၁၅ရက်နေ့မှ ၄-၁၂-၂၀၁၅ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁-၁-၂၀၁၆ရက်နေ့မှ ၈-၁-၂၀၁၆ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ် စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ **B.N.Sc (Bachelor of Nursing Science)**

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ **B.Pharm(Bachelor of Pharmacy)**

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) **B.Med.Tech (Medical Laboratory Technology)**

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) **B.Med.Tech (Physiotherapy)**

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) **B.Med.Tech (Medical Imaging Technology)**

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့(Master of Science)** နှင့် **ပါရဂူဘွဲ့(Ph.D)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ်ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(သူနာပြု/ဆေးဘက် ကျွမ်းကျင်သူ)**အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# wyrawmoemjyEiaq;buynmwuov oemjyloyboiwe;otrs;or;rm; tv&on

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၆ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ဃ) အနည်းဆုံးအရပ်(၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၉-၂၀၁၅ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၃၀-၁၀-၂၀၁၅ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ ထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၅ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၉-၁၂-၂၀၁၅ရက်နေ့မှ ၃၀-၁၂-၂၀၁၅ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၈-၁-၂၀၁၆ ရက်နေ့မှ ၁၅-၁-၂၀၁၆ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့(Bachelor of Nursing Science)** ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့(Master of Nursing Science)**နှင့် **သူနာပြုပါရဂူဘွဲ့(Ph.D Nursing)** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြုအမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(သူနာပြု)**အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ ။အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။




# Designing a more valuable world

**Hanwha**, growing as a global top player through the development of a mega city in Bisyama and the construction of a global landmark, builds another special landmark 'TRITONE' in Myanmar, based on the state-of-the-art technology and enterprise capability.

Hanwha's Affiliated Companies

[ **MANUFACTURING & CONSTRUCTION** ] • Hanwha Corporation • Hanwha Techwin • Hanwha Thales • Hanwha Chemical • Hanwha General Chemical • Hanwha TOTAL Petrochemical • Hanwha Engineering & Construction • Hanwha Fine Chemical • Hanwha Q CELLS • Hanwha Q CELLS Korea • Hanwha Advanced Materials • Hanwha Energy • Hanwha City Development

[ **FINANCE** ] • Hanwha Life • Hanwha General Insurance • Hanwha Investment & Securities • Hanwha Asset Management • Hanwha Investment • Hanwha Savings Bank

[ **SERVICES & LEISURE** ] • Hanwha Hotels & Resorts • Hanwha Galleria • Hanwha Galleria Timeworld • Hanwha 63 City • Hanwha S&C • Hanwha Station Development




Enquiry Hotline : 09-264554707

# TRITONE Same Sky, Exclusive World

## TRITONE Features

- Located at the 8 Mile Junction, Yangon, alongside Pyay Road
- Freehold Land
- Unobstructed panorama views
- Bespoke interiors to the highest specifications
- Pair-glass & stone finishing for energy efficiency
- World class 5-story shopping complex with cinema
- Full range of amenities
  - 25M lap swimming pool (4 lane) and children's pool
  - Gym and G/X room
  - Indoor golf range with screen play
  - Private lobby and business lounge




**Career Opportunity**

Sales 00, Marketing 00, Driver 00, Receptionist 00, Cleaning 00, Security 00, Account 00, HR 00, Engineer (Architectural 0, Civil 0, electrical 0, mechanical 0), Administration 00

For more info, tritonecareer@gmail.com

Hanwha

A Living Square

# KMD Telecom Training

KMD နှင့် Huawei တို့ ပူးပေါင်းဖွင့်လှစ်သော တစ်ခုတည်းသော သင်တန်း
မြန်မာနိုင်ငံတွင် Telecom Engineer ဖြစ်နိုင်ခြေအခွင့်အရေး...

- Huawei Certified Network Graduate Course (HCNG)

HCNG Course တွင် Telecom Network လုပ်ငန်းလုပ်ဆောင်ပုံများကို သိရှိစေရန်အတွက် ICT Basic, IP Network, Core Network Introduction, GSM & WCDMA Network Fundamental, Transmission Network Introduction တို့ကို သင်ကြားပေးပါမည်။

- Mobile Broadband Course (MBB)

MBB Course တွင် Mobile Base Station တည်ဆောက်ခြင်းများကို သိရှိစေရန်အတွက် Introduction to Mobile Network, Tower တည်ဆောက်ခြင်း၊ BTS တပ်ဆင်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းများကို နည်းစနစ်တကျ ပြုလုပ်နိုင်ရန်အတွက် စာတွေ့ လက်တွေ့ သင်ကြားပေးပါမည်။

**Opening Date**

**HCNG**
(19 - Oct - 2015)
9:00 am to 12:00 noon
( Mon - Fri )

Telecom Engineer ဖြစ်လိုသူများသာမက Telecom Industry တွင် လုပ်ငန်းခွင်ဝင်လိုသူ မည်သူမဆို တက်ရောက်သင့်သောသင်တန်း

(ပန်းဆိုးတန်း)၊ ၁၇၄ - ၁၈၂၊ ပန်းဆိုးတန်း(အလယ်ဘလောက်)၊ ☎ - ၃၈၁၀၃၅၊ ၃၈၁၇၇၆၊ | (မြေနီကုန်း)၊ ၃၃၁၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ☎ - ၅၀၂၂၃၃၊ ၅၂၇၄၃၆၊



ဝန်ထမ်းအလိုရှိသည်

၁။ Marketing ဝန်ထမ်းမ - ၅ ဦး
(အချိန်ပြည့် / Partime)
၂။ ဘွဲ့ကြို ဝန်ထမ်း - ၃ ဦး
၃။ ဘွဲ့ရ ဝန်ထမ်း - ၃ ဦး
(အိမ်ခြံမြေ Co; အတွက်)
Ph: 09 - 509-9859, 09 - 79-509-9696


**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ**

သယ်နီးကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၅/၇)၊ မြေကွက်တည်နေရာမြေအမှတ်(၂၃)၊ လွတ်လပ်ရေးလမ်းသွယ်(၁)လမ်း၊ သယ်နီးကျွန်း(ကိုရွှေထွန်း၊ မနှင်းအေး)အမည်ပေါက် ဘီ လ/န ၃(၁) မြေအား ဦးဇေယျာထွန်း(တရားလို)နှင့် ဦးရွှေထွန်း၊ ဒေါ်နှင်းအေး၊ ဒေါ်မကြီး(တရားပြိုင်)တို့ ဖြစ်ပွားခဲ့သည့် သယ်နီးကျွန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၂/၂၀၁၅၏စီရင်ချက်၊ ယင်းရုံး၏တရားမဇာရီမှုအမှတ်-၁၆/၂၀၁၅၏ အမိန့်နှင့် ၃-၇-၂၀၁၅ရက်စွဲပါ ဘီလစ်ခန်စာတို့ကို တင်ပြ၍ ဘီလစ်ဦးထွန်းထွန်းအောင်(၉/မလန(နိုင်)၀၉၅၇၆၈)မှ တရားရုံး ဦးရွှေထွန်း၊ ဒေါ်နှင်းအေး၊ ဒေါ်မကြီးကိုယ်စား(တရားနိုင်)ဦးဇေယျာထွန်းအတွက် မြေဧရိယာ ၀.၈၈၈ကအတွင်းမှ မခွဲမစိတ်ရသေးသောအစိတ်အပိုင်း(၅၀'x၄၀')အား အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





အမေရိကန် နိုင်ငံရေးအကြောင်းရေးတဲ့ ဝတ္ထုတွေထဲမှာ ကွက်ကွက်ကွင်းကွင်း အရှိဆုံး၊ အပေါ်လွင်ဆုံး အထိရောက်ဆုံးနဲ့ အအောင်မြင်ဆုံး စာအုပ်။
ရွေးကောက်ပွဲ နောက်ခံဝတ္ထု

# နောက်ဆုံး အားပေးသံ

ဂျင်မီ

# THE LAST HURRAH

by Edwin O'Connor

နန်းဒေဝီစာပေ ၂၀၀(ပထပ်)၊ ၃၆လမ်း(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း - (၀၁)၃၈၃၀၂၅၊ ၃၉၁၆၃၃



* နိုင်ငံချစ်စိတ်ရှိသူများ
* နိုင်ငံရေးဘောဂဗေဒပညာကို လေ့လာဆည်းပူးလိုသူများအတွက်

**ဦးဇော်မောင်း (စီမံကိန်း-ဝင်းနိုင်)၏ စာအုပ်ကောင်းများ**

* အဖေတော်သလောက် ညံ့ခဲ့တဲ့သားများ
* ပုဂံဈေးကပေးတဲ့သင်ခန်းစာ
* ရှက်တတ်ကြမယ်ဆိုရင်

ဖတ်ပြစ်အောင် ဖတ်ပါ

ဖြန့်ချိရေး
အားမာန်ပညာရှိပ်သာစာပေ
အမှတ် ၉၀ (၅) လွှာ ၃၇ လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၃၇၄၄၃၇၀၊ ၀၉-၂၅၀၃၁၂၃၉



# SWEETY HOME

**PROMOTION DATE**
**10th to 31st Oct 2015**

20th ANNIVERSARY
Since 1995

up to **20 % OFF**

ရွှေ နှစ်ဆယ် ကျပ်သား
ရရှိနိုင်မည့် အခွင့်အရေး နှင့်
ဆုမဲပေါင်းများစွာ



| အထူးဆု | ပထမဆု | ဒုတိယဆု | နှစ်သိမ့်ဆု(၅)ဆု |
| --- | --- | --- | --- |
| (၁၀)ကျပ်သား | (၃)ကျပ်သား | (၂)ကျပ်သား | (၁)ကျပ်သား |
















စပရင်မွေ့ရာ၊ ရော်ဘာမွေ့ရာ၊ ပရိဘောဂ၊ မင်္ဂလာဆောင်ပစ္စည်း အမျိုးမျိုးအပြင် ပြည်ပမှ တင်သွင်းသော အိမ်သုံးပစ္စည်းအမျိုးမျိုး နှင့် မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုးတို့အား Sweety Home Living Mall များ နှင့် အမြို့မြို့အနယ်နယ်ရှိ Sweety Home အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ငွေကျပ်တစ်သိန်းနှင့် အထက် ဝယ်ယူသူတိုင်း ကံစမ်းမဲလက်မှတ်တစ်စောင် ရယူနိုင်ပါသည်။

ရန်ကုန် - ၀၁ ၅၅၁ ၅၉၁၊ ၀၁ ၈၅၅၀ ၃၅၈။ မန္တလေး - ၀၂ ၆၅၉၃၈၊ ၀၉ ၉၇၇၉ ၁၉၇၇၇၊ ၀၉ ၉၇၇၉ ၁၉၈၈၈။

ကြော်ငြာ


## NEW MOTION TRAVELS & TOURS

မော်စကော် - Oct 28,Nov 25,Dec 30
ဗန်ကောက် - Oct 27,Nov 26,Dec 28,29
ဗီယက်နမ် - Oct 28/29,Dec 27
ဒူဘိုင်း - Nov 26,Dec 28
ဂျပန် - Oct 24,Dec 26
စင်ကာပူ - Oct 28,Dec 31
ကိုရီးယား - Nov 25,Dec 23
ထိုင်း - Dec 19
အင်္ဂလန် - Dec 17
အမေရိကား - Dec 11

Contact Us
01508124
01523253
0973148933
-44-55-66

Hotline

Escape From Everyday Life

01-293159
01-9000293
09-5160048
www.heincarrental.com

ဝမ္မဒါန
Oct-16,23,27,30
420144148, 421163797

CRANE
ဘုရားဖူးပဲသွားသွား..အချိန်ပိုင်းပဲလိုလို 095094914
708569,518474

Ph: 209077, 209388

**Car Showroom မှ**
**အောက်ပါဝန်ထမ်းများအလိုရှိသည်**

1. Office Staff (ကျား/မ)
2. Sales and Marketing (ကျား/မ)
3. ကိုရီးယားစကားပြန်
4. ကိုရီးယားကားစက်ပြင်

အတွေ့အကြုံရှိသူကိုဦးစားပေးမည်၊ နယ်ဝေးခရီးသွားနိုင်ရမည်၊ CV Form နှင့်တကွ လာလျှောက်ရန်။
အသက်(၂၀)အထက်ရှိရမည်၊ မင်္ဂလာဒုံမြို့နယ်အနီး နေထိုင်သူဦးစားပေးမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၁၆၀၄၂၈၂၊ ၀၉-၄၂၂၅၁၇၅၆၂
လိပ်စာ-အမှတ်(၈)၊ A-1လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံ။

Children are the future at...
# Think in English
Children 6 - 12 years old - 4 SKILLS taught by *qualified foreign teachers*
New semester starts October 26th – REGISTERING NOW
University preparation skills – Applying overseas? Studying in English?
New semester starts October 20th – REGISTERING NOW
Birthday Promotion- Free Placement Test for everyone until the end of October
No. 3 U Weik Zar Street, Pazundaung Tsp, Yangon Tel: 09425026102

ORGANIZED BY
CEO
How To Market yourself in a Competitive World
SPEAKERS: (CEO, Ground Solution Co Ltd)
(Chairman, Blue Ocean Co Ltd)
(Marketing and Communication Director, Ooredoo Myanmar)
Ballroom I & II, Chatrium Hotel Royal Lake Yangon
RSVP: 01-507391~3 , 507385 , 09-972404252
ceo.myanmar@gmail.com

သင့်အိမ်မှာသွေးတိုးသမားရှိနေပြီလား
မိသားစုကုန်ကျစရိတ်အလွန်သက်သာစေတဲ့ အစွမ်းထက်တိုင်းရင်းဆေး သွေးတိုးကျဆေး

# အာသာဝတီ
(အမှတ်တံဆိပ်)
## သွေးတိုးကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 013106 (0118)



၁။ တိုင်းရင်းဆေးပါမောက္ခဆရာကြီး၏ အောင်မြင်သော သုတေသနကို အခြေခံထားသည်။
၂။ Acute Toxicity အဆိပ်အတောက် အာနိသင် ကင်းရှင်းကြောင်း စမ်းသပ်ပြီးဖြစ်သည်။
နိုင်ငံတကာစံချိန်မီ OECD (423) Guide Line ဖြင့်ပြုလုပ်သည်။
၃။ ကုန်ကျစရိတ် အလွန်သက်သာစေသည်။ ဆေးလုံး ၃၀၀ ပါ ဆေးတစ်ဘူး ၁၅၀၀ိ/ - ကျော်ခန့်ကို တစ်လမှ နှစ်လစာ သုံးစွဲနိုင်ပါသည်။
ဆေးလုံး ၇၅ လုံးပါ ဆေးဘူးသေးတစ်ဘူး ၅၀၀ိ/ - ခန့်ကို တစ်ပတ်(သို့)နှစ်ပတ်စာ သုံးစွဲနိုင်ပါသည်။
၄။ သွေးတိုးကျစေသည့်အပြင် သွေးတိုးကို ပုံမှန်သွေးချိန်တွင် ထိန်းထားနိုင်သည်။
ခေါင်းကြည်လင်ပေါ့ပါးစေခြင်းဖြင့် အလုပ်ခွင်တွင် လန်းဆန်းစွာ လုပ်ကိုင် နိုင်သည်။
၅။ Reference : - Win Naing, paper read at the 4th Traditional Medicine Research Congress. (2013)
- Lab. report, Department of Medical Research (LM)

ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။



## လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာ ဦးအောင်မင်းတင်-ဒေါ်နော်ဆေးဖေါ်တို့၏သမီး မအိမွန်အောင် [၁၄/ညတန(နိုင်)၁၄၅၆၅၄]သည် ၂၈-၉-၂၀၁၅ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ **ဦးအောင်မင်းတင်**

Ph: 09-254108261, 09-5160350

## လူပျောက်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာနေ ဦးသန်းထွဋ်-ဒေါ်ခင်ခင်ထွေးတို့၏သမီး မအိနန္ဒာဖြိုး[၁၂/တတန(နိုင်)၂၁၈၁၀၉]သည် ၇-၁၀-၂၀၁၅ရက်တွင် နေအိမ်မှပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်၊ လက်ခံထားသူအားတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ဦးသန်းထွဋ်**

Ph:09-254108261
09-5160350

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၄၃)၊ မြေကွက်တည်နေရာအမှတ်(၆၅/လက်ဝဲသုန္ဒရလမ်း)၊ ဒဂုံ/မြောက်၊ ဦးဘဝင်း[၁၂/လမန(နိုင်)၀၂၈၄၉၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်-၂၃၂/၀၇/၂၂-၁-၀၇ဖြင့်ဝယ်ယူထားသူဦးဒွေးလွင်[၁၂/ကမတ(နိုင်)၀၀၄၇၉၉]မှ အရောင်းအဝယ်စာချုပ်မူရင်းနှင့်ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ(၂၂-၁-၁၅)ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂)၊ အဋ္ဌမတန်း(B)မှ မောင်ထွယ်လတ်၏ ဖခင်အမည်မှန်မှာ ဦးမလိနော်[၁/ဝမန(နိုင်)၀၄၈၃၁၈]ဖြစ်ပါသည်။

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ညွှန့်ညွှန့်(ပုသိမ်)

### အသက်(၈၁)နှစ်

ဦးရဲထွန်း(Chairman) Dsto Mofa- ဒေါ်မိုမိုအေးကျော်တို့၏ ချစ်လှစွာသော မွေးသမိခင် ဒေါ်ညွှန့်ညွှန့်(၈၁)နှစ်သည် ၁၁-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူအထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

**ဗိုလ်-ဥက္ကဋ္ဌ ၁-၂ နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**Dsto Mofa**

## စာအုပ်စာပေလူ့မိတ်ဆွေ

ပျောက်ဆုံးကြောင်း — ကျွန်တော်ကိုနီမိုး၏ PP နံပါတ် ၅၃၂၉၉၄ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉ ၅၀၄၈၅၃၆ သို့ အကြောင်းကြားပေးပါရန်။




**ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော**

**MECHINICAL CAR PARKING**




အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

**ဆေးဖက်ဝင်အပင်ပေါင်း (၁၅၄၀) ၏ မြန်မာ၊ အင်္ဂလိပ်နှင့် ရုက္ခဗေဒအမည်တို့ကို ရောင်စုံဓာတ်ပုံများနှင့်တကွ စုံလင်စွာပြုစုထားသော...**

# MEDICINAL PLANT LIST OF MYANMAR

## (SECOND EDITION)




တဖတ်ပရိသတ်များ တစ်ခဲနက်အားပေးခဲ့ကြသော ဒေါက်တာခင်မောင်လွင် (FAME) ရေးသားပြုစုသည့် Medicinal Plant List of Myanmar (First Edition) မှ အပင်ပေါင်း (၁၄၄၀) ကို အကောင်းဆုံး ဖြည့်စွက်မွမ်းမံကာ အပင်ပေါင်း (၁၅၄၀) ဖြင့် Second Edition အဖြစ် အသစ်တစ်ဖန် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရန်ကုန်နှင့် မန္တလေးမြို့ရှိ စာအုပ်အရောင်းဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

ဖြန့်ချိရေး - FAME Publishing House | အမှတ် (၂၀)၊ ပင်းကြီးမဟာဝင်းဒေါင်းလမ်း၊ ဓက်မှုဇုန်(၃)၊ လှိုင်သာယာစက်မှုမြို့၊ ရန်ကုန်။ ဖုန်း - ၆၈၅၀၀၃၊ ၆၈၅၆၀၉၊ ၆၈၂၁၉၉

www.famepharma.com, FAME Pharmaceuticals

## ဖခင်အမည်မှန်

နေပြည်တော်တပ်ကုန်းမြို့နယ် အထက(၂)ဒသမတန်း A၊တွင် ပညာသင်ကြားနေသော မငုဝါသင်း၏ဖခင်အမည်မှန်မှာ ဦးလွင်လွင်[၉/တကန(နိုင်)၀၃၁၆၄၁]ဖြစ်ပါကြောင်း။

**ဦးလွင်လွင်**
**[၉/တကန(နိုင်) ၀၃၁၆၄၁]**

## အမည်ပြောင်း

အလက(ညောင်ပင်သာ)ကော့မှူးမြို့တွင် ကျောင်းဝင်အမှတ်(၂၃၅)ဖြင့် ပညာသင်ကြားနေသော မောင်အာကာနိုင်ဝင်းအား မောင်အားမာန်နိုင်ဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အားမာန်နိုင်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ RA-I၊ ကွက်ပြင်(၁)၊ ဦးပိုင်အမှတ်-၇၂/၃၊ မြေယာအမှတ်-72Cဟုသတ်မှတ်သည့် ဧရိယာ(၀.၈၆)ဧက အကျယ်ရှိမြေအား ဒေါ်ပူနာမ်း[၉/ပဥလ(နိုင်)၀၀၅၂၈၁]က တရားဝင်ဂရန်ရရှိအောင် လျှောက်ထားမည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ပူနာမ်း**
**[၉/ပဥလ(နိုင်)၀၀၅၂၈၁]**

## ရောင်းရန်ရှိသည်

ပေ၈၀×ပေ၁၀၀ မြေကွက် (၂)ကွက် တစ်ဆက်တည်း ချင်စုအထပ်သား စက်ရုံနှင့်ပဲခူးမြို့ရှောင်လမ်းအနီး

**(ပွဲစားမလို)**

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၈၂၇၉၁၈၄၊ ၀၉-၇၈၆၀၁၈၆၃၈၊ ၀၉-၃၂၀၉၇၆၃၃**

Hot Line No-0930500100

## အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲယှဉ်ပြိုင်ပုံ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲများကို စတင်ယှဉ်ပြိုင်ကစားလျက်ရှိရာ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် လာအိုလက်ရွေးစင် ဘောလုံးအသင်းနှင့် အောက်တိုဘာ ၁၃ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ စုပါချာလာ စိုင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို MRTV News Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၃ ဦးအား ဆင်၁မအကြိမ်မြောက် လွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လှေစီးရွှေ့ပြောင်းသွားလာသူ ၁၀၃ ဦးအား နှစ်နိုင်ငံအလံတင် အစည်းအဝေးပြုလုပ်၍ လွှဲပြောင်းလက်ခံခြင်းကို ယနေ့နံနက် ၁၁ နာရီက ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြို(လက်ဝဲ)မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

## ယနေ့ မာတိကာ


တရုတ်နိုင်ငံတွင် ခြောက်နှစ်တာကာလအတွင်း ပြည်သူသန်း ၇၀ ဆင်းရဲတွင်းမှ လွတ်မြောက်ရန် ရည်မှန်း — စာမျက်နှာ - ၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပခြင်းမပြုနိုင်သည့် နယ်မြေများ ထုတ်ပြန်ကြေညာ — စာမျက်နှာ - ၅

သဖန်းဆိပ်ရေလှောင်တမံမှ ရေထုတ်လွှတ်လျက်ရှိရာတွင် ရေလှောင်တမံကြွခိုင်ကောင်းမွန်ပြီး တမံအောက်ဘက်ရှိ ဒေသများ စိုးရိမ်ဖွယ်ရာမရှိ — စာမျက်နှာ - ၉


## ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စုတွင် မြေပြိုကျပြီး သေဆုံးမှုနှင့် ပျောက်ဆုံးမှုများဖြစ်ပွား၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

ကယားပြည်နယ် ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ပြီး လူ ၁၇ ဦး သေဆုံးကာ ခြောက်ဦးမှာ ပျောက်ဆုံးလျက်ရှိသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါမြေပြိုကျမှုကြောင့် မော်ချီးတောင်ပေါ်ဒေသ (၁၅)ရပ်ကွက်မှ နေအိမ် ၂၉ လုံး၊ ဇီးပင်ကွေ့ ၁၆ ကုန်းမှနေအိမ် ၂၉ လုံး စုစုပေါင်းနေအိမ် ၆၀ ခန့် ပြိုကျပျက်စီးခဲ့ရာ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၁၇ ဦးသေဆုံးခဲ့ပြီး အမျိုးသား နှစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ခြောက်ဦး ပျောက်ဆုံးလျက်ရှိသဖြင့် ဘောလခဲခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဖားဆောင်းမြို့နယ် အုပ်ချုပ်ရေးမှူးတို့ ဦးစီး၍ အောက်တိုဘာ ၁၁ ရက် ညပိုင်းမှစပြီး အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် အိမ်ထောင်စု ၉၈ စုမှ လူဦးရေ ၃၆၉ ဦး သဘာဝဘေးသင့်ခဲ့သဖြင့် မော်ချီးအထကကယ်ဆယ်ရေးစခန်းတွင် အမျိုးသား ၉၇ ဦး၊ အမျိုးသမီး ၁၁၂ ဦးနှင့် လိုခါးလိုတိုက်နယ်ဆေးရုံကယ်ဆယ်ရေးစခန်းတွင် အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၄၃ ဦးတို့အား ရွှေ့ပြောင်းနေရာချထားပေးပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် အမက(၁၃)ကုန်းကျောင်း၊ အမက(၁၆)ကုန်းကျောင်း၊ အမက (လိုခါးလို/ကွက်သစ်)၊ အလကခွဲ တောင်ပေါ်၊

စာမျက်နှာ ၉ ကော်လံ ၁ သို့








themirror.npt@gmail.com
www.facebook.com/themirrordaily